ကြေးမုံ

The Mirror

၁၃၆၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့၊ (14-9-2005)(၄၇၁၈)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

အီရစ်အာရပ်သမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန် စက်တင်ဘာ ၁၃

ပြည်ထောင်စု မြန်မာနိုင်ငံတော် – နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အီရစ်အာရပ်သမ္မတနိုင်ငံသမ္မတအဖြစ် ပြန်လည်ရွေးချယ်တင်မြှောက်ခြင်းခံရသော မစ္စတာ မိုဟာမက် ဟို(စ်)နီ မူဘာရက်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

မြန်မာလူမျိုးတို့၏ တန်ဖိုးထား စောင့်ရှောက်အပ်သော အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိခိုက်ပျက်ပြားစေသည့် လူကုန်ကူးမှုများအား အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တားဆီး ကာကွယ်နှိမ်နင်းမည်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပြဋ္ဌာန်း

ပြည်ထောင်စု မြန်မာနိုင်ငံတော်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ

(နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ အမှတ် ၅/၂၀၀၅)

၁၃၆၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်

(၂၀၀၅ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)

အမည်၊ စီရင်ပိုင်ခွင့်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေအရ အရေးယူနိုင်သော ပြစ်မှုတစ်ရပ်ရပ်ကို မည်သူမဆို ပြည်တွင်းတွင် သို့မဟုတ် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေအရ မှတ်ပုံတင်ထားသော ရေယာဉ်နှင့် လေယာဉ်တစ်ခုခုပေါ်တွင် ကျူးလွန်လျှင်ဖြစ်စေ၊ မြန်မာနိုင်ငံသား သို့မဟုတ် မြန်မာနိုင်ငံတွင် အမြဲတမ်းနေထိုင်သည့် နိုင်ငံခြားသားက ပြည်ပတွင် ကျူးလွန်လျှင်ဖြစ်စေ ဤဥပဒေအရ စီရင်ပိုင်ခွင့် ရှိစေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်–

(က) လူကုန်ကူးမှုဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးဦးသည် အခြားသူတစ်ဦးတစ်ယောက်ကို ထိုသူ၏ သဘောတူညီချက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ခေါင်းပုံဖြတ်ခြင်းပြုရန်အလို့ငှာ အောက်ပါ ပြုလုပ်မှု တစ်ရပ်ရပ်ကို ပြုလုပ်ပြီး လူများကို သိမ်းသွင်းစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ ငှားယူခြင်း၊ ခိုလှုံခွင့်ပေးခြင်း သို့မဟုတ် လက်ခံခြင်းကိုဆိုသည်–

(၁) ခြိမ်းခြောက်ခြင်း၊ အင်အားသုံးခြင်း သို့မဟုတ် အခြားနည်းဖြင့် အနိုင်အထက်ပြုခြင်း၊

(၂) သွေးဆောင်ခေါ်ယူခြင်း၊

(၃) လိမ်လည်ခြင်း၊

(၄) လှည့်ဖြားခြင်း၊

(၅) အခွင့်အာဏာကို အလွဲသုံးစားပြုခြင်း သို့မဟုတ် ဘဝရပ်တည်ရန် ခက်ခဲနေသော အခြေအနေကို အလွဲသုံးစားပြုခြင်း၊

(၆) တစ်ဦးတစ်ယောက်အပေါ် ချုပ်ကိုင်နိုင်သောသူ၏ သဘောတူညီချက်ရရှိရန် ငွေကြေး သို့မဟုတ် အကျိုးအမြတ်ကိုပေးခြင်း သို့မဟုတ် လက်ခံရယူခြင်း။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ✧

ဗလမင်းထင်တံတား

နိုင်ငံတော်၏ အဓိက စီမံကိန်းဝင် တံတားကြီးဖြစ်သည့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ ဧရာဝတီမြစ်ကူး ဗလမင်းထင် တံတားကြီးကို စက်တင်ဘာ ၁၁ ရက်က တွေ့ရစဉ်။ (တံတားကြီး ကြံ့ခိုင်ရေးနှင့် ရေတိုက်စားခြင်းမှ ကာကွယ်ရန် မြစ်ကမ်းထိန်းနံရံ တည်ဆောက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။)

(သတင်း–ကျော)

(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

(14-9)internet.P65 1 1/1/32, 2:42 PM

၁၄-၉-၂၀၀၅
(ဗုဒ္ဓဟူးနေ့)

တည်ငြိမ်အေးချမ်းသာယာမှုများ ဝိုင်းဝန်းထိန်းသိမ်း ခေတ်မီနိုင်ငံတော် ပေါ်ထွန်းလာရေး လက်တွဲကြိုးပမ်း

နိုင်ငံတော်အစိုးရက မွန်မြတ်သောစေတနာဖြင့် ပြည်ထောင်စုတစ်ဝန်း အကြားအလပ်မရှိ ဖွံ့ဖြိုး တိုးတက်စေရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ ခု စီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းများကို ချမှတ်အကောင် အထည်ဖော်လျက်ရှိသည်။

အဆိုပါ စီမံကိန်းသုံးရပ်ကိုချမှတ်ပြီး စီမံကိန်းတစ်ခုနှင့်တစ်ခု ဟန်ချက်ညီညီ ချိတ်ဆက်ဖော်ဆောင်နိုင်မှုကြောင့် နယ်စပ်ဒေသ၊ တောင်ပေါ်မြေပြန့်နှင့် ကျေးလက်ဒေသများတွင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အခြေခံအဆောက်အအုံများ တိုးပွားလာလျက်ရှိသည်။ ဒေသအလိုက် လူမှုစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ယခုအခါ ပြည်နယ်နှင့်တိုင်းများတွင် တည်ငြိမ်အေးချမ်းသာယာမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ရရှိဖြစ်ထွန်းလျက်ရှိရာ ယင်းအခြေခံ ကောင်းများကို အပြည့်အဝအသုံးချ၍ မိမိတို့ နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးမှသည် ပြည်ထောင်စုတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးအထိ အရှိန်အဟုန်ဖြင့် ကြိုးပမ်းဖော်ဆောင် ကြရမည်ဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အဖွဲ့ဝင်များလိုက်ပါလျက် စက်တင်ဘာလ ၁၁ ရက်နေ့က ကယားပြည်နယ် လွိုင်ကော်မြို့သို့ သွားရောက်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့သည်။

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံရာတွင် **မိမိတို့ဒေသ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားပြည်သူအားလုံး လူနေမှုအဆင့် အတန်းမြင့်မားတိုးတက်ရေး၊ စည်းကမ်းပြည့်ဝသည့် ခေတ်မီဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းရေးတို့အတွက် ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အခြေခံဖြင့် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့ အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်သွားကြရန်** ဆွေးနွေးမှာကြားသွားသည်။

နိုင်ငံတော်က ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ ခု စီမံကိန်းကို ချမှတ်အကောင်အထည်ဖော်လျက်ရှိရာတွင် ကယားပြည်နယ် လွိုင်ကော်ဒေသသည် ဖွံ့ဖြိုးရေးအထူးဒေသကြီးတစ်ခုအဖြစ် ပါဝင်သည်။ ဖွံ့ဖြိုးရေးအထူးဒေသကြီး၏ အင်္ဂါရပ်နှင့်အညီ အစိုးရနည်းပညာကောလိပ်၊ ကွန်ပျူတာကောလိပ်နှင့် လွိုင်ကော်တက္ကသိုလ်တို့ကို တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိသည်။

ကယားပြည်နယ်သည် ရာသီဥတုသင့်တင့်ကောင်းမွန်ပြီး စိုက်ပျိုးအသုံးချနိုင်သည့် မြေယာများစွာကျန်ရှိနေသေးသည်။ လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ရထားလမ်း၊ ကားလမ်း၊ လေကြောင်းခရီးစဉ်များဖြင့် ဆက်သွယ်သွားလာနိုင်သည့်အပြင် ကျွန်း၊ ပျဉ်းကတိုး၊ ဓာတ်သတ္တုစသည့် သယံဇာတများထွက်ရှိရာ ဒေသဖြစ်၍ နိုင်ငံတော်နှင့် ပြည်နယ်အတွက်ပါ စီးပွားရေးကောင်းမွန်ဖြစ်ထွန်းနိုင်သော အခြေခံကောင်းများ ပြည့်စုံနေသည်ကို တွေ့ရသည်။

ပြည်နယ်အတွင်း ကယား၊ ကယန်း၊ ပအိုဝ်း၊ မွန်၊ ဗမာ၊ ရှမ်းစသည့် တိုင်းရင်းသားများ ရှေးအစဉ်အဆက်ကပင် စည်းလုံးညီညွတ်စွာနေထိုင်လျက်ရှိရာ ပြည်ထောင်စုအသွင် ဖြစ်တည်လျက်ရှိသည်။ အလားတူ အခြားသော ပြည်နယ်နှင့်တိုင်းများတွင်လည်း တိုင်းရင်းသားပေါင်းစုံတို့ စုစည်းနေထိုင်လျက် ရှိကြသည်။ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်ဖြင့် နိုင်ငံတော်အခွန့်ရှည်တည်တံ့ခိုင်မြဲစေရန် ဆက်လက်ထိန်းသိမ်း ကာကွယ်စောင့်ရှောက်သွားကြရမည်ဖြစ်သည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်က ပြည်သူအများ လိုလားတောင့်တသည့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ချမှတ်ပြီး ပထမဆုံးအဆင့်လည်းဖြစ်၍ အရေးအကြီးဆုံးလည်းဖြစ်သော အမျိုးသားညီလာခံကြီးကို ကျင်းပလျက်ရှိနေပြီဖြစ်သည်။

သို့ဖြစ်ရာ ဒေသဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများအားလုံးက မိမိတို့ဒေသတွင် ဖြစ်ထွန်းလျက်ရှိသော တည်ငြိမ်အေးချမ်းသာယာမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများကို ဝိုင်းဝန်းထိန်းသိမ်းရင်း အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းလာရေးအတွက် လက်တွဲညီညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံကတိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဝန်ကြီး ဗိုလ်ချုပ်လှထွန်း မြန်မာ့စီးပွားရေးဘဏ် ရေဦးမြို့နယ်ဘဏ်ခွဲ အဆောက်အအုံသစ်ဖွင့်ပွဲ တက်ရောက်

ရန်ကုန် စက်တင်ဘာ ၁၃

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ပြည်တွင်းအခွန်များ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆန်းထွန်း၊ မြန်မာ့စီးပွားရေးဘဏ်ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြတ်မော်တို့ လိုက်ပါ၍ စက်တင်ဘာ ၉ ရက်တွင် မန္တလေးမြို့သို့ ရောက်ရှိပြီး မန္တလေးတိုင်း ပြည်တွင်းအခွန်များဦးစီးဌာနအစည်းအဝေးခန်းမ၌ ဝန်ကြီးဌာနရှိ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များအား တွေ့ဆုံ၍ ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်ကြသည့်အခါ အရည်အချင်းပြည့်ဝနေစေရန် အမြဲလေ့လာဆည်းပူး ဆောင်ရွက်ကြရန်၊ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ရာတွင် ရိုးသားကြိုးစားစွာဖြင့် စိတ်စေတနာကောင်းထားကာ ဆောင်ရွက်ကြရန်နှင့် မိမိလုပ်ငန်းတာဝန်များကို ကျေပွန်စွာ ဆောင်ရွက်ကြရန်တို့ကို မှာကြားသည်။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း မန္တလေးတိုင်း ပြည်တွင်းအခွန်များဦးစီးဌာန အစည်းအဝေးခန်းမ၌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။ (ဘဏ္ဍာ/အခွန်)

မှာကြား

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မုံရွာမြို့၌ စစ်ကိုင်းတိုင်းအတွင်းရှိ တိုင်း/ခရိုင်/မြို့နယ်အဆင့် တာဝန်ရှိသူများအား တွေ့ဆုံရာ၌ ဌာနတာဝန်ခံများက ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ တင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

တက်ရောက်

ထို့နောက် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းတို့သည် စက်တင်ဘာ ၁၀ ရက်တွင် မြန်မာ့စီးပွားရေးဘဏ် ရေဦးမြို့နယ်ဘဏ်ခွဲ အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်

ရှေးဦးစွာ ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး သန်းထွန်းနှင့် မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြတ်မော်တို့က ရေဦးမြို့နယ် ဘဏ်ခွဲ အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဖွင့်လှစ်

ထို့နောက် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက စက်ခလုတ်နှိပ်၍ ရေဦးမြို့နယ် ဘဏ်ခွဲ အဆောက်အအုံသစ် ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်သည်များသည် ဘဏ်ခွဲ အဆောက်အအုံသစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ (သတင်းစဉ်)



ဒိုင်းဆုချီးမြှင့်

၂၀၀၅ခုနှစ် (၁၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ အမျိုးသား သုံးယောက်တွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို အောင်ဆန်းအားကစားကွင်း မိုးလုံလေလုံ အားကစားရုံတွင်ကျင်းပရာ မြန်မာ့အားကစား အောင်နိုင်ရေးကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ပထမဆုရ ဧရာဝတီတိုင်း အသင်းအား ဒိုင်းဆုချီးမြှင့်စဉ်။

(၁၉)

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်း ဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုး ကျောင်းဆောင်တော်ကြီး အတွက် ဦးတင်ဝင်းအား ရည်စူး၍ ဇနီး ဒေါ်ခင်ပြုံးဝင်း မိသားစု သီရိမင်္ဂလာ ရိပ်သာ ကမ္မာအေးမှ အလှူငွေကျပ် သုံးသိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ဝင် ဒေါက်တာဦးကိုကိုအား ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ယူရိုငွေကြေးသုံးနိုင်ငံများတွင် စီးပွားရေး ကျပ်တည်း ရေနံဈေးနှုန်းနှင့် သုံးစွဲမှုလျှော့ချရန် အမေရိကန်ကို တောင်းဆို

မန်ချက်စတာ(အင်္ဂလန်) စက်တင်ဘာ ၁၂

ကမ္ဘာ့ဈေးကွက်တွင် ရေနံဈေးနှုန်းတက်နေသည့်အခြေအနေနှင့် ဥရောပ ယူရိုငွေကြေးသုံးနယ်ပယ်တွင် စီးပွားရေး ကျပ်တည်းလာသည့်အဖြစ်ကို သက်သာစေရန် ဥရောပသမဂ္ဂအဖွဲ့ဝင်များက အမေရိကန်ကို ရေနံလျှော့၍သုံးစွဲရန်နှင့် ရေနံကုမ္ပဏီများကို ရေနံဈေးနှုန်းများ လျှော့ချပေးရန် စက်တင်ဘာ ၁၀ ရက်က တောင်းဆိုကြသည်။

နိုင်ငံရေးအရ ဥရောပသမဂ္ဂအဖွဲ့က ဖိအားပေးသည်ကို လိုက်လျောသည့် အနေဖြင့် ဧရာမရေနံကုမ္ပဏီကြီးများ ဖြစ်ကြသော တိုတယ်လ်ရေနံကုမ္ပဏီနှင့် ဘီပီကုမ္ပဏီတို့သည် ပြင်သစ်နိုင်ငံတွင် ရောင်းချနေသော ဓာတ်ဆီဈေးနှုန်းကို လျှော့ချပေးလိုက်ကြသည်။ ထိုသို့ လျှော့ချပေးခြင်းကြောင့် ဥရောပရှိ သုံးစွဲသူများနှင့် စီးပွားရေးလုပ်ငန်းများ အတွက် လောင်စာစရိတ် သက်သာ ရာရစေရန် အထောက်အကူ ဖြစ်စေ သည်ဟုဆိုသည်။

အဆိုပါ ကုမ္ပဏီကြီးနှစ်ခုက ဈေးနှုန်း လျှော့လိုက်သော်လည်း အခြားစွမ်းအင် ကုမ္ပဏီများက အလားတူလိုက်၍ ဈေးနှုန်းလျှော့ချကာ ဥရောပနိုင်ငံများ တွင် ရောင်းချခြင်းပြု၊ မပြု သဲကွဲစွာ မသိရသေးဟု သတင်းများက ဖော်ပြ သည်။

ဆုံးဖြတ်

ဥရောပ သမဂ္ဂအဖွဲ့ဝင် ၂၅ နိုင်ငံမှ ဘဏ္ဍာရေးဝန်ကြီးများသည် ဗြိတိန် နိုင်ငံမြောက်ပိုင်း မန်ချက်စတာမြို့တွင် စည်းဝေးခဲ့ကြသည်။ ထိုအစည်းအဝေး က ရေနံဈေးနှုန်း တက်သည်ကို ဆန့်ကျင်ရန်နှင့် အမေရိကန်နိုင်ငံ၏ ရေနံသုံးစွဲမှုကို လျှော့ချပေးရန်အတွက် တောင်းဆိုကြရန် ဆုံးဖြတ်ခဲ့ကြသည်။

ဂျီ-၇ အုပ်စုဝင် နိုင်ငံများသည် လာမည့် သီတင်းနှစ်ပတ်တွင် အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့၌ တွေ့ဆုံ ဆွေးနွေးကြမည်ဖြစ်သည်။ ထိုစည်း ဝေးပွဲတွင် ဥရောပသမဂ္ဂအဖွဲ့က စွမ်းအင်နှင့် ပတ်သက်သော ၎င်းတို့၏ ဆုံးဖြတ်ချက်များကို တင်ပြဆွေးနွေး ကြရန်ရှိကြောင်း လူဇင်ဘတ်နိုင်ငံ ဝန်ကြီးချုပ် ရွှန်ကလော့ဒ်ယန်ကာက သတင်းထောက်များကို ပြောကြား ခဲ့သည်။

ဂျီ-၇ အဖွဲ့ဝင်နိုင်ငံများတွင် အမေရိကန်၊ ဂျပန်၊ ဂျာမနီ၊ ပြင်သစ်၊ အီတလီ၊ ဗြိတိန်နှင့် ကနေဒါနိုင်ငံတို့ ပါဝင်သည်။

ခန့်မှန်းထား

ယူရိုငွေသုံးစွဲသော ဇုန်နယ်မြေတွင် ယခုနှစ် စီးပွားရေး တိုးတက်နှုန်းသည် ၁ ဒသမ ၃ ရာခိုင်နှုန်းရှိမည်ဟု မူလက ခန့်မှန်းထားခဲ့သည်။ ကမ္ဘာ့ရေနံဈေးနှုန်း များသည် တတိယ သုံးလပတ်တွင် ဆက်လက်မြင့်မားနေဦးမည် ဆိုပါက ယူရိုဇုန်၏ စီးပွားရေးတိုးတက်နှုန်းသည် မူလခန့်မှန်းချက်အောက် လျော့ကျသွား ပြီး ၁ ရာခိုင်နှုန်း ခန့်သာရှိလိမ့်မည်ဟု ယန်ကာက ပြောကြားသည်။

မက္ကဆီကို ပင်လယ်ကွေ့နှင့် အမေရိကန်အရှေ့တောင်ပိုင်းဒေသများတွင် ကက်ထရီနာမုန်တိုင်း ဝင်ရောက် တိုက်ခတ်သွားသည်။ သို့ဖြစ်၍ ရေနံစင်များ၊ ရေနံချက်စက်ရုံများ ပျက်စီးသွားရသည့် အတွက် ရေနံဈေးနှုန်းသည် တစ်စည် လျှင် ၇၁ ဒေါ်လာအထိ စံချိန် တင်ရလောက်အောင် တက်သွားခဲ့ သည်။ ရေနံဈေးနှုန်း ကြီးမြင့်သည့် အခြေအနေကို သက်သာစေရန် အပြည် ပြည်ဆိုင်ရာ စွမ်းအင်အေဂျင်စီအဖွဲ့ က အရန်စုဆောင်းထားရှိသော ရေနံ များကို ထုတ်ရောင်းပေးပြီးနောက် စက်တင်ဘာ ၉ ရက်မှစ၍ ရေနံ ဈေးသည် တစ်စည်လျှင် ၆၄ ဒေါ်လာ နှုန်းအထိ ပြန်ကျသွားခဲ့သည်။

အင်တာနက်။

အီရတ်နိုင်ငံ တယ်လ်အာဖာမြို့တွင် လုံခြုံရေး ဆောင်ရွက်နေသော အမေရိကန် သံချပ်ကာတပ်ဖွဲ့ဝင်တစ်ဦးကို စက်တင်ဘာ ၁၁ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်နိုင်ငံတွင် ပြန်ပေးဆွဲခံရသည့် တူရကီနိုင်ငံသား ကုန်သည်တစ်ဦး လွတ်မြောက်လာ

အန်ကာရာ စက်တင်ဘာ ၁၃

အီရတ်နိုင်ငံတွင် ပြန်ပေးဆွဲခံခဲ့ရသည့် တူရကီနိုင်ငံသားက ပြန်ပေးသမားများတောင်းဆိုသည့် အမေရိကန်ဒေါ်လာ ၂၀၀၀၀၀ ကို ပေးခဲ့ပြီးနောက် ပြန်လည်လွတ်မြောက်လာခဲ့ကြောင်း တူရကီအစိုးရ အာဘော်တစ်ပိုင်းဖြစ်သည့် အနာတိုလီယာသတင်းဌာနက တနင်္လာနေ့တွင် ဖော်ပြလိုက်သည်။

၎င်းစားစာခံသည် လွတ်လွတ်ချင်း ဟေဘာနယ်စပ်ကို ဖြတ်ကျော်ပြီး နောက် တူရကီနိုင်ငံအတွင်းသို့ ဝင်ရောက်သွားခဲ့သည်။ ၎င်းသည် ကျောက်မျက်ရတနာ ကုန်သည်တစ်ဦး ဖြစ်သူ အင်ဗာအန်ဗာဖြစ်ပြီး ဘဂ္ဂဒက် မြို့တော်တွင် အီရတ်စီးပွားရေးလုပ်ငန်း ရှင်များနှင့် လွန်ခဲ့သည့်ရက် ၄၀ ခန့်က တွေ့ဆုံပြီးခဲ့သည့်နောက် တူရကီနိုင်ငံသို့ ပြန်အလာ လက်နက်ကိုင်များက ပြန်ပေးဆွဲသွားခဲ့ခြင်းဖြစ်သည်ဟု၎င်းက ပြောကြားသည်။

အီရတ်မူဂျာဟီဒင်များဟု ၎င်းတို့ကို ၎င်းတို့ ခေါ်ဆိုသည့်လက်နက်ကိုင် များက ၎င်းနှင့် သူငယ်ချင်းဖြစ်သူ ဖီယက်ဇ်အလီဆန်တို့အား အမည်မသိ နေရာတစ်ခုသို့ ခေါ်ဆောင်ခဲ့သည်ဟု အန်ဗာကပြောကြားသည်။

ပြန်ပေးဆွဲသူများက အမေရိကန် ဒေါ်လာ ၂၀၀၀၀၀ပေးပါက လွတ်ပေး မည်ဟုပြောကြားသည်ဟု မိမိအား ပြောကြားကြောင်း၊ မိမိ၏မိသားစုက တောင်းဆိုသည့်ငွေကိုပေးခဲ့ကြောင်း၊ ၎င်းတို့ကိုငွေမပေးခဲ့ပါက မိမိအသက် ရှင်မည်မဟုတ်ဘဲ ခေါင်းဖြတ်သတ်ခံ ရမည်ဖြစ်ကြောင်း အန်ဗာက ပြောကြား သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဆီးရီးယားနယ်စပ် ဖြတ်သန်းမှု အီရတ်ပိတ်မည်

ဘဂ္ဂဒက် စက်တင်ဘာ ၁၂

အီရတ်နိုင်ငံ တယ်လ်အာဖာမြို့ အနောက်ဘက်အနီးရှိ ဆီးရီးယားသို့ ဖြတ်သန်းရာ နယ်စပ်ကိုပိတ်မည် ဖြစ် ကြောင်း အီရတ် ပြည်ထဲရေးဝန်ကြီးက စက်တင်ဘာ ၁၀ ရက်တွင် ပြောကြားခဲ့ သည်။

ဆီးရီးယားသို့ ဖြတ်သန်းရာ ရာဘီရာ နယ်စပ်တစ်နေရာကို စက်တင်ဘာ ၁၁ ရက်မှ စတင်၍ ပိတ်ထားရန် အစိုးရက ဆုံးဖြတ်ခဲ့ကြောင်း၊ ထို့အပြင် ယင်း နယ်စပ်ကို နောက်ထပ် တစ်စုံတစ်ရာ မကြေညာမချင်း ပြန်လည်ဖွင့်လှစ်ဦး မည် မဟုတ်ကြောင်း ပြည်ထဲရေး ဝန်ကြီးဘာကာဂျာဘာဆိလ်ချ်က ရုပ်သံ ဌာနသို့ပြောကြားခဲ့သည်။

အဆိုပါနယ်စပ်ကို ပိတ်ပင်ထားရ ခြင်းမှာ လက်နက်များနှင့် ပြည်ပ နိုင်ငံသားများ ဝင်ရောက်လာမည့်အရေး ကို တားမြစ်ထားရန် ဖြစ်သည်ဟု ၎င်းကဆိုသည်။

ထိုနယ်စပ်လမ်းကြောင်းသည်အီရတ် နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့သို့ သွားရာ လမ်းကြောင်းပေါ်တွင် တည်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

အာဖဂန်ရေဘေး လူ ၂၀ သေဆုံး

ကဘူး စက်တင်ဘာ ၁၃

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း ကူနာပြည်နယ်တွင် သဘာဝဘေး အန္တရာယ်နှစ်ရပ်ကျရောက်မှုကြောင့် လူ ၂၀ ထက်မနည်းသေဆုံးခဲ့ကြောင်း ဒေသခံများနှင့် တာဝန်ရှိသူများက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ပထမဖြစ်ရပ်မှာ ဂါဇီယာဘတ်အရပ် ရှိ အိမ်တစ်လုံး တနင်္ဂနွေနေ့ မွန်းလွဲ ပိုင်းက မိုးကြိုးပစ်ခံခဲ့ရခြင်းဖြစ်ပြီး မိသားစု ၁၀ဦးသေဆုံးခဲ့သည်။ မိုးကြိုး ပစ်ပြီးနောက် မိုးသည်းထန်စွာ ရွာသွန်း ခဲ့ရာ ဘာရမ်ဆတ်ဆိုသူ၏ အိမ်မှာ ရေစီး၌ မျောပါသွားခဲ့သည်။ ခုနစ်ဦး ၏ အလောင်းများကို ပြန်လည်တွေ့ရှိ သော်လည်း သုံးဦးမှာ ပျောက်ဆုံးလျက် ရှိကြောင်း ဒေသခံတစ်ဦးက ပြောကြား သည်။ ယင်းအချိန်မှာပင် ဂါဇီယာ ဘတ်တွင် ရေလွှမ်းမိုးမှုကြောင့် လူ၁၀ဦး မှာ ရေစီးဖြင့် မျောပါသွားကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရန်၌ နျူကလီးယားစက်ရုံ တည်ဆောက်ရန် ကမ္ဘာ့နိုင်ငံများသို့ တင်ဒါခေါ်ယူမည်

တီဟီရန် စက်တင်ဘာ ၁၂

အီရန်နိုင်ငံ၌ ၂၀၀၆ ခုနှစ်တွင် နျူကလီးယားစက်ရုံသစ် နှစ်ရုံ တည် ဆောက်ရန် နိုင်ငံတကာသို့ တင်ဒါခေါ်ယူရန် အီရန်နိုင်ငံက ဆုံးဖြတ်ထား သည်ဆိုသော အီရန် နျူကလီးယား အရာရှိတစ်ဦး၏ ပြောကြားချက်ကို ကိုးကား၍ မီနာသတင်းအေဂျင်စီက စက်တင်ဘာ ၁၀ ရက်တွင် ဖော်ပြ သည်။

လန်ဒန်မြို့တွင် ကမ္ဘာ့နျူကလီးယား အဖွဲ့ အစည်းအဝေးတစ်ရပ် ကျင်းပရာ အီရန်နိုင်ငံ အဏုမြူစွမ်းအင် ဒုတိယ ဥက္ကဋ္ဌ မိုဟန်မက်ဆာဒီက မိန့်ခွန်း ပြောကြားရာ၌ ယင်းဆုံးဖြတ်ချက်ကို ထည့်သွင်းပြောကြားသွားသည်။အဆိုပါ အစည်းအဝေးသည် စနေနေ့တွင် ပြီးဆုံးမည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြခဲ့သည်။

မှန်ကန်စွာရွေးချယ်

နျူကလီးယားစက်ရုံနှစ်ရုံ တည် ဆောက်ရန်နှင့် နည်းပညာဆိုင်ရာ လိုအပ်ချက်များနှင့်အတူ လုံခြုံရေးဆိုင် ရာ အာမခံချက်များ ဆောင်ရွက်ရန် အတွက် နိုင်ငံတကာသို့ အီရန်နိုင်ငံက တင်ဒါခေါ်ယူမှုကို တရားဝင် ကြေညာ သွားမည်ဖြစ်ကြောင်း၊ တင်ဒါခေါ်ယူ ရာတွင် အရည်အချင်း ပြည့်မီသော ကုမ္ပဏီများကို မှန်ကန်စွာ ရွေးချယ် သွားမည်ဖြစ်ကြောင်းဆာဒီကပြောကြား သည်။

အားထုတ်ကြိုးပမ်း

တစ်ချိန်တည်းမှာပင် အီရန်နိုင်ငံ၏ ယူရေနီယံလောင်စာအမျိုးမျိုး ထုတ်လုပ် နိုင်ရေးအတွက် အားထုတ်ကြိုးပမ်းရ မည်ဖြစ်ကြောင်း ဆာဒီက အသေးစိတ် ရှင်းလင်းပြောကြားသည်။

အီရန်၏ နျူကလီးယား လောင်စာ ထုတ်လုပ်မှုဆိုင်ရာကြိုးပမ်းမှုကိုစွန့်လွှတ် ရန်နှင့် အီရန်၏ သုတေသနလုပ်ငန်း များကို စစ်ရေးတွင်အသုံးမချကြောင်းကို အာမခံချက်ပေးရန် ဥရောပသမဂ္ဂက ဖိအားပေး တောင်းဆိုလျက်ရှိသည်။

မဂ္ဂါဝပ် ၂၀၀၀၀ထုတ်လုပ်

လာမည့်အနှစ် ၂၀ တွင် နျူကလီး ယားစွမ်းအင်မှ လျှပ်စစ်စွမ်းအင် မဂ္ဂါဝပ် ၂၀၀၀၀ ထုတ်လုပ်မည်ဖြစ်ကြောင်းနှင့် အီရန်နိုင်ငံ၏ နျူကလီးယား ဆိုင်ရာ သဘောထား ပြောင်းလဲမည် မဟုတ် ကြောင်း ဆာဒီက နိဂုံးချုပ်ပြောကြား ခဲ့သည်။

ဆာရှီယားပြည်နယ် တောင်ဘက် ကမ်းခြေတွင် အီရန်နိုင်ငံ၏ ပထမဆုံး နျူကလီးယားစက်ရုံကို ရုရှားနိုင်ငံ၏ အကူအညီဖြင့် တည်ဆောက်နေပြီ ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘဂ္ဂဒက်မြို့တွင် အီရတ်များအား စစ်ဆေးနေသော အမေရိကန် တပ်ဖွဲ့ဝင်များကို စက်တင်ဘာ ၁၂ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ရုရှားအာကာသယာဉ် အာကာသစခန်းနှင့် ချိတ်ဆက်မိ

မော်စကို စက်တင်ဘာ ၁၂

လူလိုက်ပါခြင်းမရှိသော ရုရှား အာကာသ ထောက်ပံ့ရေးယာဉ်သည် အာကာသဟင်းလင်းပြင်ရှိ အပြည် ပြည်ဆိုင်ရာ အာကာသစခန်းယာဉ် (အိုင်အက်စ်အက်စ်)နှင့်စက်တင်ဘာ ၁၀ ရက်နေ့တွင် အောင်မြင်စွာ ချိတ် ဆက်နိုင်ပြီဖြစ်ကြောင်း မြေပြင်ထိန်းချုပ် ရေးစခန်းက ပြောကြားသည်။

အာရှအလယ်ပိုင်း ကာဇက်စတန် နိုင်ငံရှိ ဘိုင်ကာနော အာကာသလွှတ် တင်ရေးစခန်းတွင် အာကာသထောက်ပံ့ ရေးယာဉ် အမ် ၅၄ ကို စက်တင်ဘာ ၈ ရက်က လွှတ်တင်ခဲ့ခြင်း ဖြစ်သည်။ ဘိုင်ကာနော အာကာသစခန်းကို ရုရှားနိုင်ငံက ကာဇက်စတန်နိုင်ငံထံမှ ငှားရမ်း အသုံးပြုနေခြင်းဖြစ်သည်။ ထိုယာဉ်နှင့်အတူ ပစ္စည်းကိရိယာနှင့် ရိက္ခာများကို တင်ဆောင်သွားကြောင်း သိရသည်။

ယခုထောက်ပံ့ရေးယာဉ် လွှတ်တင် ရေးလုပ်ငန်းအားလုံးသည် မူလစီစဉ် ထားသည့်အတိုင်း ချောချောမောမော အောင်မြင်ကြောင်း ထိန်းချုပ်ရေးစခန်း မှ ပြောရေးဆိုခွင့်ရှိသူက ပြောကြား သည်။ ***အမ်အင်အေ၊ ရိုက်တာ။***

လူကုန်ကူးမှုများကို တားဆီးကာကွယ်ရာတွင် အထူးသဖြင့် အမျိုးသမီးများ ကလေးသူငယ်နှင့် လူငယ်များအတွက် အလေးဂရုပြု၍ ကာကွယ်စောင့်ရှောက်မည်

✧ ရှေ့ဖုံးမှ

ရှင်းလင်းချက်(၁)။ ခေါင်းပုံဖြတ်ခြင်းဆိုရာတွင် ပုဂ္ဂိုလ် တစ်ဦးသည် အခြားသူတစ်ဦးတစ်ယောက်အား ပြည့်တန်ဆာပြုခြင်း၊ အခြားတစ်နည်းနည်းဖြင့် ကာမဆိုင်ရာကိစ္စပြုလုပ်ခြင်း၊ အစေ့အလုပ်ခိုင်းစေခြင်း၊ အစေ့ဝန်ဆောင်မှု ပေးစေခြင်း၊ ကျွန်ပြုခြင်း၊ ကျေးကျွန်ကဲ့သို့ ခိုင်းစေခြင်း၊ ကြွေးမြီဖြင့် နှောင်ဖွဲ့ခိုင်းစေခြင်းကိုဖြစ်စေ၊ သူတစ်ပါးခန္ဓာကိုယ်၏ အင်္ဂါအစိတ်အပိုင်းအား ထုတ်ယူဖယ်ရှားခြင်း၊ ရောင်းချခြင်းကိုဖြစ်စေပြုရာမှ ငွေကြေးကိုသော်လည်းကောင်း၊ အကျိုးအမြတ်တစ်စုံတစ်ရာကိုသော်လည်းကောင်း လက်ခံရယူခြင်း သို့မဟုတ် လက်ခံရယူရန် သဘောတူခြင်း ပါဝင်သည်။

ရှင်းလင်းချက်(၂)။ ပြည့်တန်ဆာပြုခြင်းဆိုသည်မှာ ငွေကြေး၊ အကျိုးအမြတ် သို့မဟုတ် အခြားအဖိုးစားနားတစ်ခုခုအတွက် ကာမစပ်ယှက်ရန် သို့မဟုတ် ကာမရာဂစိတ် ပေါ်ပေါက်ရန်အလို့ငှာ ပုဂ္ဂိုလ်တစ်ဦးကို အခြားတစ်ဦးက တစ်စုံတစ်ရာ ပြုလုပ်ခြင်း၊ အသုံးပြုခြင်း၊ ဆက်ဆံခြင်း သို့မဟုတ် အစီအစဉ်ချမှတ် ဆောင်ရွက်ခြင်းကို ဆိုသည်။

ရှင်းလင်းချက်(၃)။ ကြွေးမြီဖြင့် နှောင်ဖွဲ့ခိုင်းစေခြင်းဆိုသည်မှာ ကြွေးမြီအတွက် ပေးဆပ်သည့်အနေဖြင့် ဖြစ်စေ၊ ကြွေးမြီအတွက် အာမခံပေးသည့် အနေဖြင့်ဖြစ်စေ အလုပ်လုပ်ကိုင်ပေးရမည့် ကာလနှင့် လုပ်ငန်းအမျိုးအစား တိကျမှုမရှိဘဲ သို့မဟုတ် ကြွေးမြီပြေကျေသည့်အထိ သင့်လျော်သည့် လုပ်အားတန်ဖိုးကို သတ်မှတ်ချက်မရှိဘဲ အလုပ်လုပ်ကိုင်ပေးစေခြင်း သို့မဟုတ် ဝန်ဆောင်မှု ပေးစေခြင်းကို ဆိုသည်။

(ခ) **ညစ်ညမ်းသည့်ပုံပြသခြင်း** ဆိုသည်မှာ ကာမရာဂစိတ်နိုးကြွစေရန် အလို့ငှာ ဖိုမဆက်ဆံမှုကိုဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦး၏ လိင်အင်္ဂါအစိတ်အပိုင်းကိုဖြစ်စေ ကိုယ်တိုင်ပြသခြင်း၊ အမူအရာပြုလုပ်ပြသခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်း၊ ရုပ်ရှင်ရိုက်ကူးပြသခြင်းသို့မဟုတ် ခေတ်မီနည်းပညာတစ်ရပ်ရပ်ကို အသုံးပြု၍ ပြသခြင်းကိုဆိုသည်။

(ဂ) **လူကုန်ကူးခံရသူ** ဆိုသည်မှာ လူကုန်ကူးမှု ကျူးလွန်ခြင်းခံရသူကို ဆိုသည်။

(ဃ) **ဂိုဏ်းဖွဲ့ကျူးလွန်သူအုပ်စု** ဆိုသည်မှာ ငွေကြေးသို့မဟုတ်ပစ္စည်းနှင့် စပ်လျဉ်းသည့် အကျိုးအမြတ်တစ်စုံတစ်ရာကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရရှိရန်အလို့ငှာ ကြီးလေးသော ပြစ်မှုကိုကျူးလွန်ရန် လူသုံးဦးနှင့် အထက်ပါဝင်၍ အချိန်ကာလတစ်ခုအတွက် ပုံစံတကျ ဖွဲ့စည်းထားသော အုပ်စုကိုဆိုသည်။

ရှင်းလင်းချက်။ **ပုံစံတကျဖွဲ့စည်းထားသော အုပ်စုဆိုသည်မှာ** ပြစ်မှုကို လတ်တလော ကျူးလွန်ရန် ရည်ရွယ်ချက်မဲ့ ကြုံရာကျပန်း ဖွဲ့စည်းထားခြင်းမဟုတ်ဘဲ ပြစ်မှုကျူးလွန်ရန် ရည်ရွယ်ချက်ဖြင့် ပုံစံတကျ ကြိုတင်ဖွဲ့စည်းထားသည့် အုပ်စုကိုဆိုသည်။ ယင်းသို့ ဖွဲ့စည်းရာတွင် အဖွဲ့ဝင်များ၏ လုပ်ငန်းတာဝန်များ၊ အဖွဲ့ဝင်အဖြစ် ဆက်လက်ရပ်တည်နိုင်ခွင့်နှင့် အုပ်စုတိုးချဲ့ဖွဲ့စည်းမှုအတွက် သတ်မှတ်ချက်များ နည်းလမ်းတကျရှိရန်မလို။

(င) **ကြီးလေးသောပြစ်မှု** ဆိုသည်မှာ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ထောင်ဒဏ် လေးနှစ်နှင့်အထက် ပြစ်ဒဏ်ထိုက်သင့်သည့် ပြစ်မှုကို ဆိုသည်။

(စ) **နိုင်ငံဖြတ်ကျော်မှုခင်း** ဆိုသည်မှာ တစ်နိုင်ငံထက်ပိုသော နိုင်ငံများတွင် ကျူးလွန်သော ပြစ်မှုကိုသော်လည်းကောင်း၊ နိုင်ငံတစ်ခုတွင် ကျူးလွန်ထားသော ပြစ်မှု၏ အရေးကြီးသော အစိတ်အပိုင်းများကို အခြားနိုင်ငံတစ်ခုခုတွင် ပြင်ဆင်ခြင်း၊ စီမံခြင်း၊ ညွှန်ကြားခြင်း သို့မဟုတ်ထိန်းချုပ်ခြင်းပြုသော ပြစ်မှုကိုသော်လည်းကောင်း၊ ပြစ်မှုကျူးလွန်သူများသည် အခြားနိုင်ငံတစ်ခုခု၏ ဂိုဏ်းဖွဲ့ကျူးလွန်သူအုပ်စုတွင် ပါဝင်ခြင်းနှင့် နိုင်ငံတစ်ခုတွင် ပြစ်မှုကျူးလွန်ရာ၌ အခြားနိုင်ငံတစ်ခုခုကို ထိခိုက်နစ်နာစေသော ပြစ်မှုကိုသော်လည်းကောင်း ဆိုသည်။

(ဆ) **ထိန်းချုပ်ဖော်ထုတ်ခြင်း** ဆိုသည်မှာ တရားမဝင်သော သို့မဟုတ် သင်္ကာမကင်းဖွယ်ရာဖြစ်သော ပစ္စည်းသို့မဟုတ် လူပုဂ္ဂိုလ်ကို မြန်မာနိုင်ငံအတွင်း၌ဖြစ်စေ၊ ပြည်ပနိုင်ငံတစ်ခုခု၏ ပိုင်နက်နယ်မြေအတွင်းသို့ဖြစ်စေ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ ဝင်ရောက်ခြင်း၊ ဖြတ်သန်းခြင်း သို့မဟုတ်ထွက်ခွာခြင်းတို့ကို စစ်ဆေးတွေ့ရှိသည့်အခါ အဓိက ကျူးလွန်သူများအား ဖော်ထုတ်အရေးယူရန်အလို့ငှာ သက်ဆိုင်ရာ အာဏာပိုင်၏ခွင့်ပြုချက်ဖြင့် ထိန်းချုပ်၍ ၎င်းတို့၏ အစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်စေသည့် နည်းစနစ်ကိုဆိုသည်။

(ဇ) **ပစ္စည်း** ဆိုသည်မှာ မည်သည့်ပုံစံဖြင့်မဆို ဒြပ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ထိတွေ့၍ရနိုင်သည်ဖြစ်စေ၊ မရနိုင်သည်ဖြစ်စေ ရွှေ့ပြောင်းနိုင်သည့်သက်ရှိသက်မဲ့ ပစ္စည်းကိုသော်လည်းကောင်း၊ မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းကိုသော်လည်းကောင်းဆိုသည်။ ယင်းစကားရပ်တွင် ပစ္စည်းနှင့်စပ်လျဉ်းသည့် ပိုင်ဆိုင်ခွင့်ဆိုင်ရာ တရားဝင် စာတမ်းအမှတ်အသား၊ လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းနှင့် အကျိုးအမြတ်များလည်း ပါဝင်သည်။

(ဈ) **ထောင်ဒဏ်တစ်သက်** ဆိုသည်မှာ ပြစ်မှုထင်ရှား စီရင်ခြင်းခံရသူအား အကျဉ်းထောင်၌ သေဆုံးသည်အထိ ပြစ်ဒဏ်ကျခံစေရန် ချမှတ်သည့်ထောင်ဒဏ်ကို ဆိုသည်။

(ည) **ကလေးသူငယ်** ဆိုသည်မှာ အသက်(၁၆)နှစ် မပြည့်သေးသောသူကို ဆိုသည်။

(ဋ) **လူငယ်** ဆိုသည်မှာ အသက်(၁၆)နှစ်ပြည့်ပြီး အသက်(၁၈)နှစ် မပြည့်သေးသောသူကိုဆိုသည်။

(ဌ) **ဗဟိုအဖွဲ့**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို ဆိုသည်။

အခန်း(၂)
ရည်ရွယ်ချက်များ

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) မြန်မာလူမျိုးတို့၏ တန်ဖိုးထား စောင့်ရှောက်အပ်သော အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိခိုက်ပျက်ပြားစေသည့် လူကုန်ကူးမှုများအား အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တားဆီးကာကွယ် နှိမ်နင်းရန်၊

(ခ) လူကုန်ကူးမှုများကို တားဆီးကာကွယ်ရာတွင် အထူးသဖြင့် အမျိုးသမီးများ၊ ကလေးသူငယ်နှင့် လူငယ်များအတွက် အလေးဂရုပြု၍ ကာကွယ်စောင့်ရှောက်ရန်၊

(ဂ) လူကုန်ကူးမှုကို ကျူးလွန်သူများအား ထိရောက်မြန်ဆန်စွာ စုံစမ်းဖော်ထုတ်အရေးယူနိုင်ရန်နှင့် ဥပဒေနှင့်အညီ ပြင်းထန်ထိရောက်သည့် ပြစ်ဒဏ်များ ချမှတ်ခြင်းဖြင့် လူကုန်ကူးမှုများ ထပ်မံမဖြစ်ပေါ်စေရေးအတွက် တားဆီးကာကွယ်ရန်၊

(ဃ) လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံက လက်ခံထားသော အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများနှင့်အညီ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရအချင်းချင်း၊ အစိုးရအဖွဲ့အစည်းအချင်းချင်း ဖွဲ့စည်းထားသော အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်ရန်၊

(င) လူကုန်ကူးခံရသူများကို ကယ်ဆယ်ရေး၊ ပြန်လည်လက်ခံရေး၊ ကာကွယ်စောင့်ရှောက်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူ့အသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေး၊ လုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်ရန်။

အခန်း(၃)
ဗဟိုအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၅။ (က) အစိုးရအဖွဲ့သည် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ကို ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးက ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်တို့က ဒုတိယဥက္ကဋ္ဌများ အဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ အောက်ပါပုဂ္ဂိုလ်များအနက်မှ သင့်လျော်သူများအား အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်စေလျက် ဖွဲ့စည်းရမည်–

(၁) သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများမှ အကြီးအကဲများ၊

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊

(၃) သက်ဆိုင်ရာ ကျွမ်းကျင်သူပညာရှင်များ။

(ခ) ဗဟိုအဖွဲ့ဥက္ကဋ္ဌသည် လိုအပ်ပါက အဖွဲ့ဝင်များအနက်မှ သင့်လျော်သူကို တွဲဖက်အတွင်းရေးမှူးအဖြစ် တာဝန်ပေးအပ်နိုင်သည်။

၆။ ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ နိုင်ငံတော်၏ မူဝါဒနှင့် လုပ်ငန်းစဉ်များ ချမှတ်နိုင်ရန် အစိုးရအဖွဲ့သို့ အကြံပြုတင်ပြခြင်း၊

(ခ) မိမိ၏ လုပ်ငန်း တာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်မည့် လိုအပ်သော လုပ်ငန်းအဖွဲ့များ ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊

(ဂ) ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အဖွဲ့ အဆင့်ဆင့်ကို ဖွဲ့စည်းပြီး ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း၊

(ဃ) လူကုန်ကူးမှု ကြိုတင်တားဆီးကာကွယ်ရေးကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန် ကျွမ်းကျင်သူများပါဝင်သော အဖွဲ့များဖွဲ့စည်း၍ တာဝန်ပေးအပ်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊

(င) လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် စပ်လျဉ်း၍ လိုအပ်သည့် အခြေခံအချက်အလက်များ ရရှိနိုင်ရေးအတွက် လေ့လာစိစစ်ရေး အဖွဲ့နှင့် အကဲဖြတ်အဖွဲ့တို့ကို လိုအပ်သည့် ကျွမ်းကျင်သူများ ပါဝင်၍ ကဏ္ဍအလိုက် ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(စ) လူကုန်ကူးခံရသူများကို ကယ်ဆယ်ရေး၊ ပြန်လည်လက်ခံရေး၊ ကာကွယ်စောင့်ရှောက်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုအသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေး လုပ်ငန်းများအတွက် လိုအပ်သောအစီအစဉ်များ ချမှတ်ပေးခြင်း၊

(ဆ) လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ၊ လူကုန်ကူး ခံရသူများကို ကာကွယ်စောင့်ရှောက်ရေးနှင့် အကူအညီပေးရေး လုပ်ငန်းများ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ လိုအပ်လျှင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများ၊ ပြည်တွင်းပြည်ပရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်း၊ အကူအညီရယူခြင်း၊

(ဇ) ဤဥပဒေပါ ပြစ်မှုနှင့်သက်ဆိုင်သည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို သက်သေခံပစ္စည်းအဖြစ်သိမ်းဆည်းရေးနှင့် စပ်လျဉ်း၍ လိုအပ်သလို ညွှန်ကြားခြင်း၊

(ဈ) ဤဥပဒေအရသက်သေခံအဖြစ် သိမ်းဆည်းသောပြစ်မှုနှင့် သက်ဆိုင်သည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများနှင့် စပ်လျဉ်း၍ လိုအပ်ပါက ဝရမ်းကပ် ချိပ်ပိတ်ထားရန် ညွှန်ကြားခြင်း၊ တရားစွဲဆိုသည့် ပြစ်မှုတွင် သက်ဆိုင်ရာတရားရုံးက ချမှတ်သောအပြီးသတ် ဆုံးဖြတ်ချက်နှင့်အညီ လိုအပ်သလိုစီမံခန့်ခွဲခြင်း၊

(ည) ဤဥပဒေအရ အကောင်အထည်ဖော်ဆောင်ရွက်မှုများကို အစိုးရအဖွဲ့သို့ အခါအားလျော်စွာ အစီရင်ခံခြင်း၊

(ဋ) လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် စပ်လျဉ်း၍ အစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း၊

၇။ ဗဟိုအဖွဲ့သည် လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အောက်ပါလုပ်ငန်းအဖွဲ့များကို သင့်လျော်သည့် ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည့်အပြင် အခြားလိုအပ်သော လုပ်ငန်းအဖွဲ့များကိုလည်း ဖွဲ့စည်းနိုင်သည်–

(က) ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးဆောင်သော လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးလုပ်ငန်းအဖွဲ့၊

(ခ) ဒုတိယရှေ့နေချုပ်ဦးဆောင်သော ဥပဒေရေးရာနှင့် တရားစွဲဆိုရေးဆိုင်ရာ လုပ်ငန်းအဖွဲ့၊

(ဂ) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဆောင်သော လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့၊

အခန်း(၄)
လုပ်ငန်းအဖွဲ့များ၏ လုပ်ငန်းတာဝန်များ

၈။ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေး လုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) လူကုန်ကူးမှုကြိုတင်တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဗဟိုအဖွဲ့က အတည်ပြုထားသော စီမံချက်များနှင့်အညီ လုပ်ငန်းအဖွဲ့ခွဲများ ဖွဲ့စည်း၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ခ) လူကုန်ကူးမှု ကြိုတင်တားဆီးကာကွယ်ရေးအတွက် လူကုန်ကူးမှု အန္တရာယ်နှင့် နောက်ဆက်တွဲ ဆိုးကျိုးများကို အများပြည်သူသို့ အသိပညာပေးခြင်းနှင့် သတင်းဖြန့်ချိခြင်းဆိုင်ရာ လုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်ခြင်း၊

(ဂ) လူကုန်ကူးမှုတားဆီးကာကွယ်ရေး အစီအစဉ်များချမှတ်ပြီး ပြည်တွင်းပြည်ပ ကွန်ရက်ထူထောင်ဆက်သွယ်ဆောင်ရွက်ခြင်း၊ သတင်းဖလှယ်ခြင်း၊

(ဃ) ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့်မြို့နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အဖွဲ့ အဆင့်ဆင့်နှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(င) လူကုန်ကူးမှုများကို ကြိုတင်တားဆီးကာကွယ်ရေးနှင့် ထိရောက်မြန်ဆန်စွာ စုံစမ်းဖော်ထုတ်နိုင်ရေးအတွက် အထူးလေ့ကျင့်ထားသည့် တပ်ဖွဲ့ထူထောင်နိုင်ရန် ကြီးကြပ်ဆောင်ရွက်ခြင်း၊

(စ) လူကုန်ကူးမှုများကို စုံစမ်းဖော်ထုတ်ရာတွင် လိုအပ်ချက်အရ ထိန်းချုပ်ဖော်ထုတ်ခြင်းနည်းစနစ်ကို အသုံးပြုနိုင်ရန် တင်ပြလာသည့်အခါ စိစစ်ခွင့်ပြုခြင်းနှင့် လိုအပ်ပါက ပြည်ပနိုင်ငံများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဆ) လူကုန်ကူးခံရသူများ၊ အထူးသဖြင့်အမျိုးသမီးများ၊ ကလေးသူငယ်နှင့် လူငယ်များအားကာကွယ်စောင့်ရှောက်ခြင်းနှင့် အကူအညီပေးခြင်း ဆိုင်ရာ လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❐

မည်သူမဆို အမျိုးသမီးများ၊ ကလေးသူငယ်နှင့် လူငယ်များအား လူကုန်ကူးမှု ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကိုအနည်းဆုံး ထောင်ဒဏ် ၁၀ နှစ်မှ အများဆုံး ထောင်ဒဏ် တစ်သက်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်

❐ စာမျက်နှာ ၄ မှ

(ဇ) လူကုန်ကူးခံရပြီး မြန်မာနိုင်ငံတွင် ရောက်ရှိနေသည့် နိုင်ငံခြားသားများအား သတ်မှတ်ချက်များနှင့်အညီ ကာကွယ်စောင့်ရှောက်ခြင်းနှင့် အကူအညီပေးခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊

(ဈ) လူကုန်ကူးခံရသူများအား ကာကွယ်စောင့်ရှောက်ရေးကို တာဝန်ယူဆောင်ရွက်မည့် ပုဂ္ဂိုလ်များအား လိုအပ်သည့် လေ့ကျင့်ပညာပေးမှုများ စီစဉ်ဆောင်ရွက်ခြင်း၊

(ည) ဤဥပဒေကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ အကူအညီကိုရယူခြင်း၊

(ဋ) အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံ သို့မဟုတ် နိုင်ငံများအကြား သဘောတူညီချက်များ ချုပ်ဆိုရေးတို့အတွက် ဗဟိုအဖွဲ့သို့ ထောက်ခံတင်ပြခြင်း၊

(ဌ) ဗဟိုအဖွဲ့ကပေးအပ်သော အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း၊

၉။ ဥပဒေရေးရာနှင့် တရားစွဲဆိုရေးဆိုင်ရာလုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) လူကုန်ကူးမှုများကို တားဆီးကာကွယ်ခြင်းနှင့် စပ်လျဉ်း၍ လူကုန်ကူးခံရသူအဖြစ် စိစစ်သတ်မှတ်ရေးနှင့် လူကုန်ကူးခံရသူများ၏ ဂုဏ်သိက္ခာနှင့် လုံခြုံမှုတို့အတွက် သက်ဆိုင်သည့် အချက်အလက်များ၏ လုံခြုံမှုအဆင့်အတန်း သတ်မှတ်ရေးအတွက် လိုအပ်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များ၏ မူကြမ်းများကိုရေးဆွဲ၍ ဗဟိုအဖွဲ့သို့ တင်ပြခြင်း၊

(ခ) လူကုန်ကူးမှု ကျူးလွန်သူများကို ထိရောက်ပြင်းထန်သော ပြစ်ဒဏ်ချမှတ်နိုင်ရန် ဥပဒေနှင့်အညီ ခိုင်လုံသောအထောက်အထားများဖြင့် တရားစွဲဆိုတင်ပို့စေရေးအတွက် သက်ဆိုင်ရာ တရားစွဲ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဂ) ဤဥပဒေအရ တရားစွဲဆိုမှုများတွင် လူကုန်ကူးခံရသူများနှင့် သက်သေများ၏ လုံခြုံမှုကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်မှုပေးနိုင်ရေးအတွက် လိုအပ်သည့်အစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊

(ဃ) နိုင်ငံဖြတ်ကျော်မှုခင်းအဖြစ် ကျူးလွန်သည့် လူကုန်ကူးမှုများနှင့် စပ်လျဉ်း၍ နိုင်ငံအချင်းချင်း အကူအညီပေးရန် သို့မဟုတ် အကူအညီရယူရန်လိုအပ်ပါက ဗဟိုအဖွဲ့သို့တင်ပြခြင်း၊

(င) ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ် လူကုန်ကူးမှု တားဆီးကာကွယ်ရေး အဖွဲ့အဆင့်ဆင့်နှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(စ) ဤဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေးအတွက် လိုအပ်သော သင်တန်းအစီအစဉ်နှင့် စွမ်းရည်မြှင့်တင်ရေးအစီအစဉ်များ ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဆ) ဤဥပဒေကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ အကူအညီကိုရယူခြင်း၊

(ဇ) ဗဟိုအဖွဲ့ကပေးအပ်သော အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း၊

၁၀။ လူကုန်ကူးခံရသူများကို ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံပြီး ဇာတိနေရပ်သို့ ပြန်လည်ပို့ဆောင်နိုင်ရန် သက်ဆိုင်ရာမိသားစု၏ အခြေအနေကို စုံစမ်းမှုပြုလုပ်ခြင်း၊ ပြန်လည်ပို့ဆောင်ခြင်း၊ လူကုန်ကူးခံရသူတို့အား ယင်းတို့၏ သဘောတူညီချက်ဖြင့် ဆေးစစ်ဆေးခြင်း၊ နှစ်သိမ့်ဆွေးနွေး ပညာပေးခြင်းနှင့် အခြားလိုအပ်သော ကူညီထောက်ပံ့မှုပေးခြင်းတို့အတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း၊

(ခ) လူကုန်ကူးခံရသူများအား ပြန်လည်ထူထောင်ရေးအတွက် ပညာရေးနှင့် ကျွမ်းကျင်မှုအခြေခံသော အသက်မွေးဝမ်းကျောင်းပညာ ရရှိရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိရေးတို့ကို စီမံချက်များချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဂ) ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ် လူကုန်ကူးမှု တားဆီးကာကွယ်ရေး အဖွဲ့အဆင့်ဆင့်နှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) လူကုန်ကူးခံရသူများအား ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဤဥပဒေအရ တည်ထောင်ထားသော လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများကို ပြန်လည်ထူထောင်ရေးရန်ပုံငွေမှ ကျခံသုံးစွဲနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း၊

(င) ဤဥပဒေကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ အကူအညီကိုရယူခြင်း၊

(စ) ဗဟိုအဖွဲ့က ပေးအပ်သော အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း၊

အခန်း(၅)
လူကုန်ကူးခံရသူ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ခြင်း

၁၁။ လူကုန်ကူးခံရသူများ၏ ဂုဏ်သိက္ခာကို ထိခိုက်မှုမရှိစေရန်အလို့ငှာ–

(က) သက်ဆိုင်ရာတရားရုံးသည် ဤဥပဒေပါ လူကုန်ကူးမှုနှင့် စပ်လျဉ်းသော ပြစ်မှုများကိုစစ်ဆေးစီရင်ရာတွင်လူကုန်ကူးခံရသူသည် အမျိုးသမီးများ၊ကလေးသူငယ်နှင့်လူငယ်များဖြစ်ပါက ကာယိန္ဒြေစောင့်ထိန်းမှုနှင့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုရရှိစေရန် အများပြည်သူ ရှေ့တွင်မဟုတ်ဘဲ သီးသန့်ရုံးခန်းတွင် စစ်ဆေးစီရင်ရမည်၊

(ခ) လူကုန်ကူးမှုနှင့်စပ်လျဉ်း၍ မည်သည့်စုံစမ်းစစ်ဆေးမှု၊ တရားစွဲတင်မှုနှင့် တရားစီရင်မှုအဆင့်တွင်မဆို သက်ဆိုင်ရာလူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့၏ ခွင့်ပြုချက်ရရှိမှသာ သတင်းဖြန့်ချိရမည်။

(ဂ) ဤအမှုနှင့်မသက်ဆိုင်သူများကို အမှုတွဲပါ စာရွက်စာတမ်းများကြည့်ရှုကူးယူခွင့်မပြုရ။

၁၂။ ဗဟိုအဖွဲ့သည် လူကုန်ကူးခံရသူမှာ အမျိုးသမီးများ၊ ကလေးသူငယ်နှင့် လူငယ်များ ဖြစ်ပါက ကာယိန္ဒြေစောင့်ထိန်းမှုနှင့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုရရှိစေရန် လိုအပ်သည့်စီစဉ်ဆောင်ရွက်မှုများ ပြုလုပ်ပေးရမည်။

၁၃။ ဗဟိုအဖွဲ့သည်–

(က) လူကုန်ကူးခံရသူအား ဤဥပဒေပါပြစ်မှုတစ်ရပ်ရပ်ဖြင့် အရေးယူခြင်း မပြုရ။

(ခ) လူကုန်ကူးမှုမှ တိုက်ရိုက်အကျိုးဆက်အဖြစ် ပေါ်ပေါက်လာသော အခြားပြစ်မှု တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ လူကုန်ကူးခံရသူအား အရေးယူရန် သင့်–မသင့် ဆုံးဖြတ်ပေးရမည်။

(ဂ) ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်လာသည့် လူကုန်ကူးခံရသူမှာ မြန်မာနိုင်ငံတွင်အမြဲတမ်းနေထိုင်ခွင့် ရရှိသူဖြစ်ပါက ယင်းအားအမြဲတမ်းနေထိုင်ခွင့်ရရှိရေး၊ လုံခြုံရေးနှင့်၎င်း၏အခြေအနေအဆင့်အတန်းအတွက် ကာကွယ်ပေးရမည်။

၁၄။ ဗဟိုအဖွဲ့သည် လူကုန်ကူးခံရသူ၏ ဘဝလုံခြုံရေးအတွက် စီစဉ်ဆောင်ရွက်ပေးရမည့်အပြင် ၎င်းတို့အား နေရပ်သို့ပြန်လည်ပို့ဆောင်ရေးနှင့်အခြေချနေထိုင်ရေးတို့ကို ၎င်းတို့၏ ဆန္ဒနှင့်အညီ ဖြစ်နိုင်သမျှစီစဉ်ဆောင်ရွက်ပေးရမည်။

၁၅။ ဗဟိုအဖွဲ့သည် လူကုန်ကူးမှုကျူးလွန်သူကို တရားစွဲဆိုသည့် စစ်ဆေးစီရင်မှုတွင် သက်သေခံချက်ပေးမည့် လူကုန်ကူးခံရသူ နိုင်ငံခြားသားအား မြန်မာနိုင်ငံတွင် ယာယီနေထိုင်ခွင့်ပြုရေးနှင့် စစ်ဆေးပြီးပါက သက်ဆိုင်ရာနိုင်ငံသို့ ပြန်လည်ပို့ဆောင်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်း၍ ဆောင်ရွက်ပေးရမည်။

အခန်း(၆)
လူကုန်ကူးခံရသူ အမျိုးသမီးများ၊ ကလေးသူငယ်နှင့် လူငယ်များအား အထူးကာကွယ်စောင့်ရှောက်ခြင်း

၁၆။ ဗဟိုအဖွဲ့နှင့် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့များသည် လူကုန်ကူးခံရသူအမျိုးသမီးများ၊ ကလေးသူငယ်နှင့်လူငယ်များနှင့်စပ်လျဉ်း၍–

(က) ယင်းတို့၏ဂုဏ်သိက္ခာနှင့်မည်သူမည်ဝါဖြစ်ကြောင်း သိသာထင်ရှားစေခြင်းကို အထူးကာကွယ်စောင့်ရှောက်ရမည့်အပြင် လိုအပ်သော လုံခြုံမှုနှင့် အကူအညီများကိုပေးရမည်။

(ခ) ယင်းတို့အတွက် အကောင်းဆုံးအခြေအနေဖြစ်ကြောင်း စိစစ်တွေ့ရှိပါက မိဘသို့မဟုတ် အုပ်ထိန်းသူထံပြန်လည်ပို့ဆောင်ရန် ဆောင်ရွက်ပေးရမည်။

(ဂ) မိဘ သို့မဟုတ် အုပ်ထိန်းသူထံ ပြန်လည်ပို့ဆောင်ရန် အခြေအနေမပေးသည့်အခါတွင်ဖြစ်စေ၊ ပြန်လည်ပို့ဆောင်ရန် မသင့်လျော်သော အခြေအနေရှိသည့်အခါတွင်ဖြစ်စေ အခြားသင့်လျော်၍ လုံခြုံစိတ်ချရသည့် ကာကွယ်စောင့်ရှောက်မှုများကို စီစဉ်ပေးရမည်။

(ဃ) အသက်အရွယ်နှင့်ရင့်ကျက်မှုအလိုက် ၎င်းတို့၏ဆန္ဒကို လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုမှု၊ လွတ်လပ်စွာရွေးချယ်မှုတို့ကို အလေးထား၍ စီစဉ်ဆောင်ရွက်ပေးရမည်။

(င) ယင်းတို့၏ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာထိခိုက်နစ်နာမှုများကို ပြန်လည်ကုစားပေးခြင်း၊ ပညာရေးနှင့်ကျွမ်းကျင်မှု အခြေခံသော အသက်မွေးဝမ်းကျောင်းပညာသင်ကြားပေးခြင်း၊ ယင်းတို့၏ သဘောတူညီချက်ဖြင့် ဆေးစစ်ဆေးပေးခြင်းနှင့် ဆေးဝါးကုသပေးခြင်းတို့ကို အထူးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးရမည်။

(စ) ယင်းတို့နှင့်သက်ဆိုင်သော သတင်းအချက်အလက်များကို လျှို့ဝှက်ထားရှိခြင်းဖြင့် အကာအကွယ်ပေးရမည်။

၁၇။ ဗဟိုအဖွဲ့သည် လူကုန်ကူးမှုကျူးလွန်သူများအားဤဥပဒေပါပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားစွဲဆိုနေသည့် ကာလအတွင်းတွင်ဖြစ်စေ၊ လူကုန်ကူးခံရသူက လူကုန်ကူးခံရမှုကြောင့် မတရားနစ်နာဆုံးရှုံးရခြင်း အတွက် နစ်နာကြေးရရှိလိုမှု စွဲဆိုနေသည့် ကာလအတွင်းတွင်ဖြစ်စေ လူကုန်ကူးခံရသူ အမျိုးသမီးများ၊ ကလေးသူငယ်နှင့် လူငယ်များ၏ လုံခြုံမှုနှင့်အခြားလိုအပ်သည့် ကာကွယ်စောင့်ရှောက်မှု အစီအစဉ်များကို ချမှတ်ဆောင်ရွက်ပေးရမည်။

၁၈။ ဗဟိုအဖွဲ့သည် လူကုန်ကူးခံရသူအမျိုးသမီးများ၊ ကလေးသူငယ်နှင့် လူငယ်များအား ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းတာဝန်ထမ်းဆောင်သော ပုဂ္ဂိုလ်များကို လိုအပ်သည့်သင်တန်းများနှင့်လေ့ကျင့်မှုများပြုလုပ်ပေးရန် အစီအစဉ်များကို ချမှတ်ဆောင်ရွက်ရမည်။

အခန်း(၇)
လူကုန်ကူးခံရသူများကို ပြန်လည်လက်ခံခြင်း၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းပေးခြင်းနှင့်ပြန်လည်ထူထောင်ပေးခြင်း

၁၉။ ဗဟိုအဖွဲ့သည် လူကုန်ကူးခံရသူများကို ပြန်လည်လက်ခံခြင်း၊ လူမှုအသိုင်းအဝိုင်းအတွင်းသို့ ပြန်လည်ဝင်ဆံ့စေခြင်း၊ ပြန်လည်ပေါင်းစည်းပေးခြင်း၊ ပြန်လည်ထူထောင်ပေးခြင်းတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ညှိနှိုင်းပြီး အောက်ပါအတိုင်း စီစဉ်ဆောင်ရွက်ရမည်–

(က) လူကုန်ကူးခံရသူများကို ပြန်လည်လက်ခံရေးအတွက် လိုအပ်သည့် ညှိနှိုင်းမှုများ စီစဉ်ဆောင်ရွက်ပေးခြင်း၊

(ခ) လူကုန်ကူးခံရသူများ ယာယီနေထိုင်ရန် လုံခြုံမှုရှိသောနေရာ သို့မဟုတ် သင့်လျော်သည့်နေအိမ် စီစဉ်ပေးခြင်း၊

(ဂ) လူမှုရေးဆိုင်ရာ ပြန်လည်ပျိုးထောင်ပေးခြင်း၊

(ဃ) လူကုန်ကူးခံရသူက မိမိ၏နစ်နာမှုအတွက် တရားမကြောင်းစွဲဆိုမှုတွင် လိုအပ်ပါက ရှေ့နေငှားရမ်းပေးခြင်း၊ ဥပဒေအရာရှိအား အမှုတွင် လိုက်ပါဆောင်ရွက်ပေးရန် ရှေ့နေချုပ်ရုံးသို့ မေတ္တာရပ်ခံပေးခြင်း သို့မဟုတ် စကားပြန်ဖြင့် ကြားနာစစ်ဆေးနိုင်ရန် အကူအညီပေးခြင်း၊

(င) လူကုန်ကူးခံရသူက သက်သေခံချက်ပေးသည့်အခါတွင်ဖြစ်စေ၊ အမှုရင်ဆိုင်သည့်အခါတွင်ဖြစ်စေ လုံခြုံရေးအစီအစဉ်များ ချမှတ်ပေးခြင်းနှင့် အခြားရထိုက်သည့် အခွင့်အရေးများရရှိစေရန် စီစဉ်ဆောင်ရွက်ပေးခြင်း၊

(စ) လူကုန်ကူးခံရသူ၏ သဘောတူညီချက်ဖြင့် ဆေးစစ်ဆေးပေးခြင်း၊ ဆေးဝါးကုသပေးခြင်း၊

(ဆ) လူကုန်ကူးခံရသူများ၏ ဘဝရပ်တည်နိုင်ရေးအတွက် ပညာရေးနှင့် ကျွမ်းကျင်မှု အခြေခံသော အသက်မွေးဝမ်းကျောင်းပညာ သင်ကြားရေးဆိုင်ရာ အခွင့်အလမ်းများ စီစဉ်ပေးခြင်း။

၂၀။ ပြည်ပနိုင်ငံများတွင်ရှိသော မြန်မာသံရုံးများမှ တာဝန်ရှိသူများသည် ပြည်ပနိုင်ငံတွင် ရောက်ရှိနေသော လူကုန်ကူးခံရသူ မြန်မာနိုင်ငံသားများ သို့မဟုတ် မြန်မာနိုင်ငံတွင် အမြဲတမ်းနေထိုင်သည့် နိုင်ငံခြားသားများအတွက် လိုအပ်သည့် ကာကွယ်စောင့်ရှောက်မှုများ စီစဉ်ဆောင်ရွက်ပေးရေးနှင့် မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ရေးတို့အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

၂၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသုံးစရိတ်များကို နိုင်ငံတော်က ကျခံနိုင်သည်။

အခန်း(၈)
ရန်ပုံငွေထူထောင်ခြင်း

၂၂။ ဗဟိုအဖွဲ့သည် လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ လူကုန်ကူးခံရသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်ထူထောင်ရေးတို့အတွက် အသုံးပြုရန်အလို့ငှာ–

(က) နိုင်ငံတော်က ထောက်ပံ့သောငွေကြေးနှင့် ပြည်တွင်းပြည်ပမှ လှူဒါန်းသော ငွေကြေးများကို ရန်ပုံငွေတစ်ရပ်အဖြစ် ထူထောင်နိုင်သည်။

(ခ) နိုင်ငံတော်က ထောက်ပံ့သောပစ္စည်းများနှင့် ပြည်တွင်းပြည်ပမှ လှူဒါန်းသော ပစ္စည်းများကို လက်ခံ၍ လိုအပ်သလို စီမံခန့်ခွဲနိုင်သည်။

၂၃။ ဗဟိုအဖွဲ့သည်–

(က) ရန်ပုံငွေထိန်းသိမ်းခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ ထောက်ပံ့လှူဒါန်းထားသောပစ္စည်းများ စီမံခန့်ခွဲခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း လုပ်ထုံးလုပ်နည်းများကို စာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်း၍ သတ်မှတ်ရမည်။

(ခ) ပုဒ်မခွဲ(က)ပါ လုပ်ငန်းများနှင့်စပ်လျဉ်း၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြုစုထားရှိပြီး စာရင်းစစ်ချုပ်က တာဝန်ပေးသူ၏ စစ်ဆေးခြင်းကို ခံယူရမည်။

အခန်း(၉)
ပြစ်မှုနှင့် ပြစ်ဒဏ်များ

၂၄။ မည်သူမဆို အမျိုးသမီးများ၊ ကလေးသူငယ်နှင့် လူငယ်များအား လူကုန်ကူးမှု ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကိုအနည်းဆုံး ထောင်ဒဏ် ၁၀ နှစ်မှ အများဆုံး ထောင်ဒဏ် တစ်သက်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၂၅။ မည်သူမဆို အမျိုးသမီးများ၊ ကလေးသူငယ်နှင့် လူငယ်များမှအပ အခြားသူတစ်ဦးဦးကို လူကုန်ကူးမှုကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ၅ နှစ်မှ အများဆုံး ထောင်ဒဏ် ၁၀ နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၂၆။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ၃ နှစ်မှ အများဆုံး ထောင်ဒဏ် ၇ နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်–

(က) လူကုန်ကူးမှု ကျူးလွန်ရန်အလို့ငှာ လိမ်လည်လှည့်ဖြား၍ သူတစ်ဦးဦးအား မွေးစားခြင်း သို့မဟုတ် ထိမ်းမြားလက်ထပ်ခြင်း၊

(ခ) လူကုန်ကူးခံရသူကို ပြည်ပသို့ ထွက်ခွာနိုင်ရန်ဖြစ်စေ၊ ပြည်တွင်းသို့ ဝင်ရောက်နိုင်ရန်ဖြစ်စေ လိုအပ်သော စာရွက်စာတမ်း အထောက်

စာမျက်နှာ ၆ ကော်လံ ၁ သို့ ❍

မည်သူမဆို လူကုန်ကူးမှုကို ကျူးလွန်ရာတွင် ပုဒ်မ ၃၊ ပုဒ်မခွဲ(င)ပါ ကြီးလေးသော ပြစ်မှုကိုလည်း ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ၁၀နှစ်မှ အများဆုံး ထောင်ဒဏ်တစ်သက် အထိဖြစ်စေ၊ သေဒဏ်ဖြစ်စေချမှတ်ရမည်

❍ စာမျက်နှာ ၅ မှ

အထား၊ စာတမ်းအမှတ်အသား သို့မဟုတ် တံဆိပ်ကို အတုပြုလုပ်ခြင်း သို့မဟုတ် တရားမဝင် ရယူပေးခြင်း၊

၂၇။ မည်သူမဆို ညစ်ညမ်းသည့်ပုံ ပြသခြင်းပြုရေးအတွက် လူကုန်ကူးခံရသူကို ခိုင်းစေခြင်း သို့မဟုတ် စီစဉ်ခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ၅ နှစ်မှ အများဆုံးထောင်ဒဏ် ၁၀ နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

၂၈။ မည်သူမဆို–

(က) ပုဒ်မ ၂၄ပါ လူကုန်ကူးမှုကို ဂိုဏ်းဖွဲ့ကျူးလွန်သူအုပ်စုဖြင့် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကိုအနည်းဆုံး ထောင်ဒဏ်အနှစ် ၂၀မှ အများဆုံး ထောင်ဒဏ်တစ်သက်အထိချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

(ခ) ပုဒ်မ ၂၅၊ ပုဒ်မ ၂၆ သို့မဟုတ် ပုဒ်မ ၂၇ပါ လူကုန်ကူးမှုကို ဂိုဏ်းဖွဲ့ကျူးလွန်သူ အုပ်စုဖြင့်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ် ၁၀ နှစ်မှ အများဆုံး ထောင်ဒဏ်တစ်သက်အထိချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

(ဂ) ဂိုဏ်းဖွဲ့ကျူးလွန်သူအုပ်စုတွင် အဖွဲ့ဝင်ဖြစ်ကြောင်း ပေါ်ပေါက်လျှင် ထိုသူသည် ပြစ်မှုကျူးလွန်ရာတွင် ကိုယ်တိုင်ပါဝင်သည်ဖြစ်စေ၊ မပါဝင်သည်ဖြစ်စေ ပုဒ်မခွဲ(က) သို့မဟုတ် ပုဒ်မခွဲ(ခ)ပါ ပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

၂၉။ မည်သူမဆို လူကုန်ကူးမှုကို ကျူးလွန်ရာတွင် ပုဒ်မ ၃၊ ပုဒ်မခွဲ(င)ပါ ကြီးလေးသောပြစ်မှုကိုလည်း ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ၁၀နှစ်မှ အများဆုံး ထောင်ဒဏ်တစ်သက် အထိဖြစ်စေ၊ သေဒဏ်ဖြစ်စေချမှတ်ရမည်။

၃၀။ မည်သည့်ပြည်သူ့ဝန်ထမ်းမဆို ဤဥပဒေပါပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးခြင်း၊ တရားစွဲဆိုခြင်း၊ စစ်ဆေးစီရင်ခြင်းပြုရာတွင် မိမိအတွက်ဖြစ်စေ၊ သူတစ်ပါးအတွက်ဖြစ်စေ တံစိုးလက်ဆောင်အဖြစ် ငွေကြေးနှင့် ပစ္စည်းတစ်စုံတစ်ရာကို တောင်းခံခြင်း သို့မဟုတ် လက်ခံရယူခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ် ၃နှစ်မှ အများဆုံးထောင်ဒဏ် ၇နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

၃၁။ ဤဥပဒေပါပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည် ယခင်ကလည်း ဤဥပဒေပါပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံခဲ့ရလျှင် ထပ်မံကျူးလွန်သောပြစ်မှုအတွက် ပြဋ္ဌာန်းထားသောအများဆုံးပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

၃၂။ မည်သူမဆို ဤဥပဒေပါပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန်ပြင်ဆင်ခြင်း၊ အားထုတ်ခြင်း၊ ပူးပေါင်းကြံစည်ခြင်း၊ စည်းရုံးခြင်း၊ စီမံခန့်ခွဲခြင်းပြုလျှင်ဖြစ်စေ၊ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန် သို့မဟုတ် ပြစ်မှုကျူးလွန်ရာတွင် အားပေးကူညီခြင်း၊ ငွေကြေးထောက်ပံ့ခြင်း တစ်ခုခုပြုလျှင်ဖြစ်စေ ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်ပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

၃၃။ တရားရုံးသည် ဤဥပဒေပါပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်ဒဏ်ချမှတ်လျှင် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းထားသော ပြစ်မှုနှင့်သက်ဆိုင်သည့်ပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းယူခြင်း သို့မဟုတ် သတ်မှတ်ချက်များနှင့်အညီ စီမံခန့်ခွဲခြင်းပြုသည့်အမိန့်ချမှတ်ရမည်။ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော ငွေကြေးမှ သို့မဟုတ် ပစ္စည်းရောင်းရငွေမှဖြစ်စေ၊ ငွေဒဏ်မှဖြစ်စေ လူကုန်ကူးခြင်းခံရသူအား နစ်နာကြေးပေးသည့် အမိန့်ချမှတ်နိုင်သည်။

အခန်း(၁၀)

အထွေထွေ

၃၄။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့ထားသော ပြစ်မှုတစ်ရပ်ရပ်နှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့သို့တင်ပို့ရန် မလွယ်ကူသောပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်း အစီရင်ခံစာသို့မဟုတ် သက်ဆိုင်ရာ အခြားစာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံ ပစ္စည်းတင်ပြဘိသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာတရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲသည့်အမိန့်ချမှတ်ရမည်။

၃၅။ ပြည်ထဲရေးဝန်ကြီးဌာနသည် ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရန် လိုအပ်သောရုံးအဖွဲ့ကို သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းရမည်။

၃၆။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ လူကုန်ကူးမှုနှင့် သက်ဆိုင်သောပြစ်မှုများကို ဤဥပဒေဖြင့်သာအရေးယူရမည်။

၃၇။ ဤဥပဒေပါပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားစွဲဆိုရာတွင် ဗဟိုအဖွဲ့သို့မဟုတ် ဗဟိုအဖွဲ့က လွှဲအပ်ပေးထားသော အဖွဲ့တစ်ခုခု၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

၃၈။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်–

(က) ပြည်ထဲရေးဝန်ကြီးဌာနသည် လိုအပ်သောနည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဗဟိုအဖွဲ့နှင့်သက်ဆိုင်ရာ ဝန်ကြီးဌာနတို့သည် လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်များကိုလည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာန၊အဖွဲ့အစည်းသည် လိုအပ်သောအမိန့်နှင့်ညွှန်ကြားချက်များကိုလည်းကောင်း ထုတ်ပြန်နိုင်သည်။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီး၏ အသိပညာပေးဟောပြောပွဲနှင့် အပွဲ့ဝင် အသိအမှတ်ပြုလက်မှတ်များ ပေးအပ်ပွဲကျင်းပ

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီး၏ အသိပညာပေးဟောပြောပွဲနှင့် အကျဉ်းဦးစီးဌာန မိသားစုဝင်များအား မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ဝင် အသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲ အခမ်းအနားတွင် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၏ ဇနီး ဒေါက်တာဒေါ်ညွှန့်ညွှန့်ဦး ဟောပြောဆွေးနွေးစဉ်။ (သတင်းစဉ်)

ရန်ကုန် စက်တင်ဘာ ၁၃

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် စည်းရုံးရေးဌာနကြီး၏ အသိပညာပေး ဟောပြောပွဲနှင့် အကျဉ်းဦးစီးဌာန မိသားစုဝင်များအား မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ဝင် အသိအမှတ်ပြု လက်မှတ်ပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၂ရက်တွင် အကျဉ်းဦးစီးဌာန အောင်မင်္ဂလာခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး၊ ပြည်ထဲရေး ဝန်ကြီးဌာန ဝန်ကြီး၏ ဇနီး ဒေါက်တာ ဒေါ်ညွှန့်ညွှန့်ဦးနှင့်အဖွဲ့ဝင်များ၊ ဒေသ စည်းရုံးရေးမှူး(ကချင်) ပြည်ထဲရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ ဇနီး ဒေါ်စန်းစန်းဝေ၊ ပြည်ထဲရေးဝန်ကြီးဌာန အောက်ရှိ တပ်ဖွဲ့နှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၏ ဇနီးများ၊ ရန်ကုန်မြောက်ပိုင်းခရိုင် အမျိုးသမီး ရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စောရွှေ၊ ရန်ကုန် မြောက်ပိုင်းခရိုင် ပြည်ထောင်စု ကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ကိုယ်စား လှယ်များ၊ အင်းစိန်မြို့နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့နှင့် မြို့နယ် အရန်မီးသတ်တပ်ဖွဲ့တို့မှ ကိုယ်စား လှယ်များ၊ အကျဉ်းဦးစီးဌာနမှ ဝန်ထမ်း များနှင့် ဝန်ထမ်းမိသားစုများ စုစုပေါင်း ၆၀၀ တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီး ရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၏ ဇနီး ဒေါက်တာဒေါ်ညွှန့်ညွှန့်ဦးက အကျဉ်း ဦးစီးဌာန မိသားစုဝင်များအား မြန်မာ နိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ဝင် အသိ အမှတ်ပြုလက်မှတ်များကို ပေးအပ် သည်။

ထို့နောက် ဒေါက်တာမတင်ဝင်းက "ပါရမီဖက်များပီပီ ညီညီညာညာ လှမ်းကြပါစို့" ခေါင်းစဉ်ဖြင့် လည်း ကောင်း၊ ဝန်ကြီး၏ ဇနီး ဒေါက်တာ ဒေါ်ညွှန့်ညွှန့်ဦးက "အမျိုးသမီးထု စွမ်းအားစုဖြင့် တိုင်းကျိုးပြည်ပြုလုပ်ငန်း များ ဆောင်ရွက်ရေး "ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် စည်းရုံးရေးဌာနကြီး၏ အသိပညာပေး ဟောပြောပွဲနှင့် အကျဉ်းဦးစီးဌာန မိသားစုဝင် များအား မြန်မာနိုင်ငံ အမျိုးသမီး ရေးရာအဖွဲ့ဝင် အသိအမှတ်ပြု လက်မှတ်ပေးအပ်ပွဲ အခမ်းအနား တွင် ဒေါက်တာမတင်ဝင်း ဟောပြော ဆွေးနွေးစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၄-၉-၂၀၀၅ (ဗုဒ္ဓဟူးနေ့)

- ၇း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇း၀၅ တေးဂီတအစီအစဉ်
- ၇း၁၀ နိုင်ငံတကာသတင်းအကျဉ်း
- ၇း၁၅ တေးဂီတအစီအစဉ်
- ၇း၂၀ ၂၀၀၅ခုနှစ် နိုင်ငံတကာ ဂေါက်သီးရိုက်ပြိုင်ပွဲ
- ၈း၀၅ ပြည်တွင်းသတင်းအကျဉ်း
- ၈း၁၀ တေးဂီတအစီအစဉ်
- ၈း၁၅ မေးကြည့်ဖြေကြည့်ပဟေဠိ
- ၈း၄၅ ရောဝတီလင်းပိုင်
- ၉း၂၀ နိုင်ငံတကာသတင်းအကျဉ်း
- ၉း၂၅ တေးဂီတအစီအစဉ်
- ၉း၃၀ သွန်းလောင်းသံနည်းပညာ
- ၉း၄၅ တေးဂီတအစီအစဉ်
- ၉း၅၀ ပြည်တွင်းသတင်းအကျဉ်း
- ၉း၅၅ မိုးလေဝသခန့်မှန်းချက်
- ၁၀း၀၀ တေးဂီတအစီအစဉ်
- ၁၀း၀၅ ကျော်ကြားထင်ရှားအနုပညာ ပုလဲပန်းများ စန္ဒရားချစ်ဆွေ (အပိုင်း–၂)
- ၁၀း၄၀ ဟင်းသီးဟင်းရွက် စိုက်ပျိုးနည်း
- ၁၀း၅၅ တေးဂီတအစီအစဉ်
- ၁၁း၀၀ MRTV-4 အပိတ် Logo

အထက်ပါ (၄)နာရီစာ အစီအစဉ်များကို ည(၂၃း၀၀) နာရီအထိ (၄)ကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

English Premier League
ဘောလုံးပွဲစဉ်များ

ညပိုင်း အစီအစဉ် လိုင်း
၁၀း၃၀ West Brom-Wigan 5-Cartoons (Delay)

မန္တလေးမိုး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

● **မြန်မာနိုင်ငံမှ**

ဆက်လက်၍ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင် က သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Daniel B. Baker က သင်တန်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကကြီးမှူး၍ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ပြည်သူလူထုအတွင်း ပညာပေးခြင်းနှင့် အမူအကျင့်ပြောင်းလဲစေရန် ဆက်သွယ်ဆောင်ရွက်ခြင်း ဗဟိုအဆင့် ဆရာဖြစ်သင်တန်း အမှတ်စဉ်(၂/၂၀၀၅) ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း အဖွင့်အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

လွှဲပြောင်းပေးအပ်

ထို့နောက် ရန်ကုန်တိုင်းအတွင်းရှိ စီမံချက်ဝင်မြို့နယ်ခြောက်မြို့နယ်တွင် မြို့နယ်အဆင့်သင်တန်းနှင့် ရပ်ကွက်ကျေးရွာဟောပြောပွဲများပြုလုပ်ရမည့် ရန်ပုံငွေကို မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးထံသို့ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ သင်တန်းသို့ ရန်ကုန်တိုင်းအတွင်းရှိ ကော့မှူး၊တွံတေး၊ကွမ်းခြံကုန်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဒလနှင့် ထန်းတပင်မြို့နယ်များမှ သင်တန်းသား၊ သင်တန်းသူ ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ငါးရက် ကြာမြင့်မည်ဖြစ်သည်။ (သတင်းစဉ်)

ရန်ပုံငွေပေးအပ်

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကကြီးမှူး၍ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ပြည်သူလူထုအတွင်း ပညာပေးခြင်းနှင့် အမူအကျင့်ပြောင်းလဲစေရန် ဆက်သွယ်ဆောင်ရွက်ခြင်း ဗဟိုအဆင့် ဆရာဖြစ်သင်တန်း အမှတ်စဉ်(၂/၂၀၀၅) ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း ရန်ကုန်တိုင်းအတွင်းရှိ စီမံချက်ဝင် မြို့နယ်ခြောက်မြို့နယ်၌ မြို့နယ်အဆင့်သင်တန်းနှင့် ရပ်ကွက်ကျေးရွာဟောပြောပွဲများ ပြုလုပ်ရမည့် ရန်ပုံငွေကို ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးအား ပေးအပ်စဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၄-၉-၂၀၀၅ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနှားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၄:၁၅** ၄။ လက်စွမ်းပြဟန်ဂီတသံ
- **၄:၂၅** ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- **၄:၃၀** ၆။ မျိုးချစ်တပ်မတော်
- **၄:၄၀** ၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
- **၄:၅၀** ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- **၅:၀၀** ၉။ **အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် – Structure of Markets. (ပထမနှစ်-စီးပွားရေး)**
- **၅:၃၀** ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
- **၅:၄၀** ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၃။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၄။ မိုးလေဝသသတင်း
- **၆:၂၅** ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၄၀** ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ချစ်အဓိပ္ပာယ်လေးတော့ အမျိုးမျိုးဖွင့်ကြပါလိမ့်မယ်" (အပိုင်း-၁၈)**
- **၈:၀၀** ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ ဗွီစီဒီ ကျော်ကြားတေးများ
- ၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "နှင်းနဂါးသိုင်း" (အပိုင်း-၂၆)**
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

အခြေခံဝန်ထမ်းလောင်းနှင့် အကြိုဝန်ထမ်းလောင်း သင်တန်းဖွင့်

ရန်ကုန် စက်တင်ဘာ ၁၃

အခြေခံဝန်ထမ်းလောင်း သင်တန်း အမှတ်စဉ် (၁၇၀)နှင့် အကြိုဝန်ထမ်းလောင်း သင်တန်းအမှတ်စဉ် (၂၀) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၇နာရီခွဲတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) အုန်းတော ခန်းမ၌ ကျင်းပရာ ဗဟိုဝန်ထမ်းတက္ကသိုလ်ပါမောက္ခချုပ် ဗိုလ်မှူးကြီးဝင်းမောင်(ငြိမ်း)က သင်တန်းဖွင့် အမှာစကားပြောကြားသည်။

ယင်းသင်တန်းဖွင့်ပွဲသို့ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ဌာနမှူးများ၊ကထိကများ၊လက်ထောက်ကထိကများ၊ ဌာနစုမှူးများ၊ သင်တန်းနည်းပြများနှင့် အခြေခံဝန်ထမ်းလောင်း သင်တန်း အမှတ်စဉ်(၁၇၀)မှ သင်တန်းသား၊ သင်တန်းသူ ၁၃၃ဦးနှင့် အကြိုဝန်ထမ်းလောင်း သင်တန်းအမှတ်စဉ် (၂၀)မှ သင်တန်းသား၊ သင်တန်းသူ ၁၆၆ဦး စုစုပေါင်း ၂၉၉ဦးတို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၇၇) ထုတ်ဝေဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၁၃

ပန်းချီမောင်ညီညီ၏ မြန်မာဆန်ဆန်သိမ်မွေ့သောအလှကိုဖော်ကျူးသည့် ယဉ်ကျေးမှုရာ မျက်နှာဖုံးဖြင့် နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၇၇)ကို ယနေ့ထုတ်ဝေဖြန့်ချိ လိုက်သည်။

(ယာပုံ)

နုယဉ်၊ ကြည်အောင်(ကေတုမတီ)၊ မောင်မောင်(မုံရွာ)၊ မြင်းမူမောင်နိုင်မိုး၊ ဒေါက်တာမင်းလဲ့ရီ၊ ရွှေညာသား မြတ်မင်း၊ မလေးခင်(ဘုန်းကောင်း)၊ အသုတ်မောင်ဝင်းရောင်၊ မောင်အေးနှစ်(ပညာရေး)၊ လှကွန်းနိုင်(ရွှေမြင်တင်)၊ တိုးဝေပွင့်(ရန်ကုန်)တို့၏ အဖွင့်ကဗျာများ၊ ဣန္ဒာဆွေ၊ ကထိကရဟန်း၊စောမုံညင်း၊ တက္ကသိုလ်တင်ခ၊ ဒေါက်တာခင်မောင်ညွန့်၊ ချစ်နိုင်(စိတ်ပညာ)၊ ဒေါက်တာလှဖေ၊ ဒေါက်တာမတင်ဝင်း၊ မကြန်၊ မြင့်သိန်းအောင်၊ ဗိုလ်ကလေးတင့်အောင်၊ မောင်မြင့်ကြွယ်၊ ပခုက္ကူဦးအုံးဖေ၊ ဦးသိန်းသန်းထွန်း၊ မောင်ဆန္ဒ(လယ်ဝေး)၊ လယ်တွင်းသားစောချစ်၊ နီငြိမ်း(အညာတက္ကသိုလ်)၊ စိုးမြင့်ငြိမ်း၊ ဖိုးအောင်လေး၊ တင်ဝင်း(ကသာ)၊ တက္ကသိုလ်စိုးယဉ်၊ ခင်လယ်လယ်ချစ်၊ ကျော်ဇောဟိန်း(ဒေါပုံ)တို့၏ ဆောင်းပါးများ၊ မောင်ဝဏ္ဏ၏ အခန်းဆက်ဝတ္ထုရှည်၊ ဆင်ဖြူကျွန်းအောင်သိန်း၊ ကြူကြူသင်း၊ စိုးညွန့်ဝေ(လှိုင်ကော်)၊ ပုဏ္ဏဝတီတင့်နှောင်း၊ ဝင်းနိုင်သောင်း၊ တင့်ထွန်း(ချောက်)၊ စလင်းမောင်မွေးကြိုင်တို့၏ ဝတ္ထုတိုများ၊ မောင်ဝဏ္ဏ၊ စိုးစံ၊ လှထွဋ်ဦး၊ ကိုရွှေမော်တို့၏ ကာတွန်းများအပြင် ဗုဒ္ဓစာဥယျာဉ်၊ တောခလေ့စာပန်းချီ၊ ကလေးတို့အတွက် ကဗျာလက်ဆောင်စာလက်ဆောင်၊ ကဗျာပန်းရုံရိပ်၊ ကျန်းမာရေးကဏ္ဍ၊ အားကစားကဏ္ဍ၊ အမျိုးသမီးကဏ္ဍ၊ တိုင်းရင်းသားကဏ္ဍ၊ ပုံပြင်ကဏ္ဍစုံလင်စွာတင်ဆက်ထားသည်။

အဆိုပါမဂ္ဂဇင်းကို ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည် စာပေတိုက်၊ သတင်းနှင့်စာနယ်ဇင်း လုပ်ငန်းစာအုပ်ဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်နှင့် အခြားဆိုင်ကြီးများ၊ မန္တလေး၊ပြည်၊ မကွေး၊ သန်လျင်၊ ကလော၊ တောင်ကြီး၊ မော်လမြိုင်၊ ပျဉ်းမနား၊ပဲခူး၊ လားရှိုး၊ ဟဲဟိုး၊ ရွှေဘို၊ မအူပင်၊ ကျောက်တန်း၊ ကွမ်းလုံ၊ တန့်ယန်း၊ မူဆယ်၊ ကျိုင်းတုံ၊ လှိုင်ကော်၊ မြင်းမူ၊ မြောင်၊ မြဝတီ၊ မြစ်ကြီးနားမြို့နယ်များရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

❐ ရန်ကုန်အဝေးသင်တက္ကသိုလ်မှ

ရန်ကုန်အဝေးသင်တက္ကသိုလ်၏ ဒဂုံဌာနခွဲ(ဒဂုံတက္ကသိုလ်)၊ ရန်ကုန်အဝေးသင်တက္ကသိုလ်၊ အရှေ့ပိုင်းဌာနခွဲ (ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ ရန်ကုန်အဝေးသင် တက္ကသိုလ် အနောက်ပိုင်းဌာနခွဲ (ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်)၊ နယ်တက္ကသိုလ်ဒီဂရီကောလိပ် အဝေးသင်ဌာနခွဲ အသီးသီး၌ မှတ်ပုံတင်ထားသည့် ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ် သိပ္ပံအထူးပြု ကျောင်းသားအားလုံးသည် မိမိတို့နှင့် သက်ဆိုင်သော တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၌ စာမေးပွဲ ဖြေဆိုကြရမည် ဖြစ်သည်။

အသေးစိတ်အစီအစဉ် ကြေညာချက်ကို သက်ဆိုင်ရာ အဝေးသင်တက္ကသိုလ် ဌာနခွဲများ၌ ကြေညာထားမည်ဖြစ်သည်။ (သတင်းစဉ်)

ဦးအောင်ဆွေညွန့်၊ ဗိုလ်မှူးထွန်းနိုင်လင်းနှင့် သူငယ်ချင်းများက စက်တင်ဘာ ၁၁ရက်တွင် ဇီဝိတဒါန သံဃာ့ဆေးရုံသို့ ငွေပဒေသာပင်အတွက် ငွေကျပ်သုံးသိန်း လှူဒါန်းစဉ်။ (သတင်းစဉ်)

ကချင်ပြည်နယ်သည် ၁၉၉၈ခုနှစ်မှစတင်၍ ဒေသဝမ်းစာ ဖူလုံပိုလျှံလာခဲ့ ပူတာအို၊ ဆွမ်ပရာဘွမ်ကုန်းမြင့်ဒေသများတွင် ဒေသဆန်ဖူလုံရေး ယာစပါးများစိုက်ပျိုး

❍ ကျောဖုံးမှ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီများနှင့် တွေ့ဆုံ၍ မိုးသီးနှံများ စိုက်ပျိုးပြီးစီးမှုအခြေအနေ၊ နှစ်ရှည်ရော်ဘာပင်စိုက်ပျိုးမှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆွေးနွေးမှာကြားသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ဒေသဆိုင်ရာ အချက်အလက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ၊ မြေယာအသုံးချမှု၊ ယခု ၂၀၀၅-၂၀၀၆ ခုနှစ် မိုးစပါးလျာထားဧက ၄၇၀၀၀၀ အနက် ၄၁၂၂၄၁ဧကစိုက်ပျိုးနိုင်မှု၊ ဧခြောက်သိမ်းအထိ တိုးချဲ့နိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်နေမှု၊ ဒေသဝမ်းစာဖူလုံမှု၊ နွေစပါးအနေဖြင့် ဧက ၁၅၀၁၀စိုက်ပျိုးနိုင်ခဲ့ပြီး ၁၄၉၉၇ဧက ရိတ်သိမ်းနိုင်ခဲ့မှု၊ ရာသီကုန်တွင် အဓိကသီးနှံ ၁၀မျိုးကို လျာထားချက်ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ရေး ဆောင်ရွက်နေမှု၊ ဒေသဝမ်းစာဖူလုံပိုလျှံရေးကို ဦးတည်လျက် ဖားကန့်မြို့နယ် နောင်မီးဒေသ၌ ၂၀၀၄-၂၀၀၅ခုနှစ်တွင် ဧက ၁၀၀၀ဖော်ထုတ်ပြီး မိုးစပါး ၈၂၄ဧက စိုက်ပျိုးနိုင်ခဲ့မှု၊ ယခု ၂၀၀၅-၂၀၀၆ ခုနှစ်တွင် လယ်ယာမြေသစ်ဧက ၆၀၀၀ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် ဖားကန့်မြို့နယ် နောင်မီးဒေသ၌ ထပ်မံ၍ ဧက ၁၀၀၀၊ ကာမိုင်းဒေသ၌ ဧက ၁၀၀၀၊ တနိုင်းမြို့နယ် မိုင်းခွန်ဒေသ၌ ဧက ၃၀၀၀၊ ပူတာအို မြို့နယ် မန်စေခွန်ဒေသ၌ ဧက ၁၀၀၀ တိုးချဲ့နိုင်ရေး ရည်မှန်းဆောင်ရွက်နေမှု၊ မြေလွတ်မြေရိုင်း ၂၀၆၂ဧက ဖော်ထုတ်နိုင်ခဲ့ပြီး ယခုနှစ်တွင် မိုးစပါး ၁၂၇၄ဧက ထပ်မံတိုးချဲ့စိုက်ပျိုးနိုင်ခဲ့မှု၊ ရော်ဘာစိုက်ပျိုးမှုအနေဖြင့် ၂၀၀၄-၂၀၀၅ ခုနှစ်တွင် ရော်ဘာ ၆၆၂၀ ဧက၊ ၂၀၀၅-၂၀၀၆ ခုနှစ်တွင် ရော်ဘာ ၄၄၂ဧက ထပ်မံစိုက်ပျိုးနိုင်ခဲ့၍ စုစုပေါင်း ရော်ဘာ ၇၀၆၃ဧက စိုက်ပျိုးထားရှိမှု၊ ရော်ဘာတိုးချဲ့စိုက်ပျိုးရန် ဆောင်ရွက်နေမှုအပါအဝင် ကုန်ထုတ်လုပ်မှုနှင့်ကုန်သွယ်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် လူတစ်ဦးချင်းဝင်ငွေ၊ ပြည်နယ်၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး အခြေအနေများနှင့် ပတ်သက်၍ အသေးစိတ် ရှင်းလင်းတင်ပြပြီး ဌာနဆိုင်တာဝန်ရှိသူများက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြသည်။

လမ်းညွှန်မှာကြားခဲ့

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ်စီမံပေးပြီး အမှာစကားပြောကြားရာတွင် ကချင်ပြည်နယ်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ မြောက်ဘက်အကျဆုံးအပိုင်း၌ တည်ရှိပြီး ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုး အများအပြားအတူတကွ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းနေထိုင်သည့် ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ ၁၉၉၅ ခုနှစ် ဧပြီလက နိုင်ငံတော်အကြီးအကဲ၏ ခရီးစဉ်တွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **"ကချင်ပြည်နယ်အတွင်း နှစ်ကာလရှည်ကြာစွာ တည်ငြိမ်အေးချမ်းမှုမရှိခဲ့ခြင်းကြောင့် ဒေသတိုးတက်မှုမရှိခဲ့ကြောင်း၊ တိုးတက်ဖွံ့ဖြိုးအောင် သမားရိုးကျ ဆောင်ရွက်နေ၍မရဘဲ အရှိန်အဟုန်ဖြင့် ကြိုးပမ်းအကောင်အထည်ဖော်သွားရမည်ဖြစ်ကြောင်း၊ ယခုအခါ နယ်မြေဒေသမှာလည်း အေးချမ်းနေပြီဖြစ်ရာ သဘာဝသယံဇာတများကို အသုံးပြု၍ ကုန်ထုတ်လုပ်မှု တိုးတက်အောင် အားသွန်ကြိုးပမ်းသင့်သည့်အချိန်ပင်ဖြစ်ကြောင်း"** လမ်းညွှန်မှာကြားခဲ့ရာ ယခုအခါ ကချင်ပြည်နယ်သည် အခြားပြည်နယ်နှင့် တိုင်းများနည်းတူ ကဏ္ဍစုံ၊ ထောင့်စုံမှ ဖွံ့ဖြိုးတိုးတက်လာလျက်ရှိကြောင်း။

ယခု မိမိတို့လာရောက်ခြင်းမှာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်နိုင်ရေးအတွက် လာရောက်ခြင်းဖြစ်ကြောင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ပေးအပ်ထားသည့် လုပ်ငန်းစီမံချက်များကို အသေးစိတ်သိရှိပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ စာရင်းဇယားများကိုလည်း တိတိကျကျ၊ မှန်မှန်ကန်ကန်ပြုစုတင်ပြရန်လိုကြောင်း၊ သို့မှသာ ပြည်နယ်၏ ပကတိဖွံ့ဖြိုးတိုးတက်မှုကို နှိုင်းယှဉ်သုံးသပ် ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုကိုခံယူပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လျင်လျင်မြန်မြန်၊ တိတိကျကျ အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်ရန်မှာကြားလိုကြောင်း၊ ကချင်ပြည်နယ်သည် ၁၉၉၈ခုနှစ်မှ စတင်၍ ဒေသဝမ်းစာ ဖူလုံပိုလျှံသော ပြည်နယ်တစ်ခုဖြစ်သော်လည်း နောင်တိုးတက်လာမည့် လူဦးရေအတွက်ပါ ကြိုတင်ထည့်သွင်းစဉ်းစား၍ ပြည်နယ်အတွင်း စိုက်ဧကများကို ဖော်ထုတ်စိုက်ပျိုးနေခြင်းဖြစ်ကြောင်း။

ယာစပါးစိုက်ပျိုး

ဒေသဆန် ဖူလုံပိုလျှံသော်လည်း ပူတာအို၊ ဆွမ်ပရာဘွမ်ဒေသများကဲ့သို့ ကုန်းမြင့်ဒေသများတွင် ဒေသဆန်ဖူလုံရေးအတွက် ယာစပါးများ စိုက်ပျိုးရမည်ဖြစ်ကြောင်း၊ ဒေသနှင့်ကိုက်ညီသည့် နှစ်ရှည်သီးနှံဖြစ်သည့် ရော်ဘာကိုလည်း တောင်သူတစ်ဦးချင်းသာမက အသင်းအဖွဲ့များနှင့် လုပ်ငန်းရှင်များပါ စိုက်ပျိုးရမည်ဖြစ်ကြောင်း၊ တာဝန်ရှိသူများကလည်း လိုအပ်သည်များကို ပံ့ပိုးကူညီဖြည့်ဆည်းပေးရမည်ဖြစ်ကြောင်း၊ ကချင်ပြည်နယ်အတွင်း ရော်ဘာစိုက်ဧကသိန်းချီ၍ စိုက်ပျိုးသွားရမည်ဖြစ်ကြောင်း၊ ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်းများ ရရှိပြီး ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးရှင်သန်လာမည်ဖြစ်၍ အလေးအနက်ထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် အဖွဲ့ဝင်များသည် မန်ခရိမ်ရပ်ကွက်ရှိ Jade Land Myanmar Co., Ltdက တာဝန်ယူဆောင်ရွက်နေသည့် မြစ်ကြီးနား-တန်ဖရဲ-ဆွမ်ပရာဘွမ်-ပူတာအိုလမ်း တိုးတက်ပြုပြင်တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းယာယီ ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ဦးဒီဇော်အိမ်နှင့် စီမံကိန်းမန်နေဂျာ ဦးနန်းဇိန်းဖန်ဝါတို့က မြစ်ကြီးနား-တန်ဖရဲ(မြစ်ဆုံ)စုစုပေါင်း ၂၄မိုင် တစ်ဖာလုံကို လက်ရှိ ၁၂ပေအကျယ်မှ ၂၄ပေမှ ၂၈ပေ အကျယ်အထိ ကျောက်ချောကတ္တရာလမ်းအဖြစ် ဆောင်ရွက်နေမှု၊ မြေသားပြုပြင်ခြင်း၊ ထုအခြေခံလွှာခင်းခြင်း၊ ဘိလပ်မြေရောသဲကျောက်ထု အခြေခံလွှာခင်းကြိတ်ခြင်းနှင့် ဆက်လက်၍ ကျောက်ကတ္တရာစက်ဖြင့် တင်ခင်းကြိတ်ခြင်း၊ နိုင်လွန်ကတ္တရာစက်ဖြင့် တင်ခင်းကြိတ်ခြင်း ဆောင်ရွက်ချက်အစီအစဉ်များ၊ လုပ်ငန်းပြီးစီးမှု အခြေအနေကိုလည်းကောင်း၊ ဗန်းမော်-မြစ်ကြီးနားလမ်းပိုင်းကို လမ်းသားအကျယ် ၂၈ပေရှိ ကတ္တရာလမ်းမိုင် ၅၀နှင့် လမ်းသားအကျယ်ပေ ၂၀ရှိ ကျောက်ခင်းလမ်းမိုင် ၆၀အဖြစ် အဆင့်မြှင့်ဆောင်ရွက်နေမှု အခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က နိုင်ငံတော်၏အရေးကြီးသော ဆက်သွယ်ရေးလမ်းကြောင်းဖြစ်၍ စနစ်တကျတိုးတက်ပြုပြင်တည်ဆောက်ရေး၊ သတ်မှတ်ချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်ရေး၊ ရာသီမရွေးသွားလာနိုင်ရေးတို့ကို မှာကြားစီမံဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ မြစ်ကြီးနား-တန်ဖရဲ-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းကို ယခု မိုင်တိုင်(၃/၇) မိုင်မှ(၆/၆)မိုင် ကဝါးခတံတားအထိ ကတ္တရာလမ်းသားအကျယ် ၂၄ပေ၊ မိုင်တိုင် (၆/၆)မိုင်မှ (၂၈/၀) မြစ်ဆုံအထိ ကျောက်ခင်းလမ်းသား အကျယ် ၂၈ ပေအထိ အဆင့်မြှင့် ဖောက်လုပ်လျက်ရှိကြောင်း သိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနား-တန်ဖရဲ(မြစ်ဆုံ)လမ်းပိုင်း အဆင့်မြှင့်ဖောက်လုပ်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှု စစ်ဆေးသည်။

ရော်ဘာတောင်သူ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့်နှင့် အဖွဲ့ဝင်များ လိုက်ပါ၍ မြစ်ကြီးနားမြို့နယ် နောင်နန်းကျေးရွာရှိ သုတေသနနှင့် ရော်ဘာမျိုးပွားခြံသို့ရောက်ရှိကြပြီး ရော်ဘာစိုက်ပျိုးသူ တောင်သူများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ခြံတာဝန်ခံအရာရှိက သုတေသနနှင့်မျိုးပွားခြံ၏ တည်နေရာနှင့် အကျယ်အဝန်း၊ စိုက်ကွက်အခြေအနေ၊ စိုက်ပျိုးထားသည့်မျိုးများ၊ အသီးရရှိနိုင်မည့်အခြေအနေ၊ မျိုးစေ့ရရှိနိုင်မည့်ကာလ၊ မျိုးစေ့စုဆောင်းထားရှိမှု အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းမှ တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ဆက်လက်၍ ရော်ဘာစိုက်ပျိုးသူ တောင်သူများကလည်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

နိုင်ငံခြားငွေ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က သုတေသနနှင့် ရော်ဘာမျိုးပွားခြံ၏ လိုအပ်ချက်နှင့်ရှေ့လုပ်ငန်းစဉ်များ၊ ရော်ဘာစိုက် တောင်သူတို့၏ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း စီမံဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ယနေ့ ကမ္ဘာနှင့်အဝန်း အသုံးပြုနေသည့် စက်မှုလုပ်ငန်း၊ စက်ကိရိယာပစ္စည်းများ၊ လူသုံးကုန်များ စသည့် လုပ်ငန်းအားလုံးလိုလို ရော်ဘာအသုံးပြုမှုပါဝင်ကြောင်း၊ ရော်ဘာလိုအပ်မှုသည် တစ်နေ့ထက်တစ်နေ့ မြင့်တက်လာကြောင်း၊ ရော်ဘာတင်ပို့ရောင်းချမှုမှ နိုင်ငံခြားငွေ အမြောက်အမြားရရှိနေသည်ကို တွေ့ရကြောင်း၊ ကချင်ပြည်နယ်သည် သဘာဝအခြေခံကောင်းများ ရရှိထားသည့် ပြည်နယ်ဖြစ်သည်နှင့်အညီ ရော်ဘာစိုက်ပျိုးနိုင်ရန် အခြေခံကောင်းများရှိကြောင်း၊ ရော်ဘာစိုက်ပျိုးခဲ့သည့် အစဉ်အလာလည်းရှိကြောင်း၊ နိုင်ငံတော်နှင့် ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများဝင်ငွေတိုးတက်ဖြစ်ထွန်းရေးအတွက် စပါးမစိုက်နိုင်သည့် တောင်ကုန်းများ၊ မြေလွတ်မြေရိုင်းများကို ရော်ဘာပင်များ ဖြစ်ထွန်းလာစေရေးအတွက် တိုးချဲ့စိုက်ပျိုးရန်လိုကြောင်း၊ ပြည်နယ်အတွင်းရှိ သဘာဝ တွင်းထွက်သယံဇာတများကိုသာအားကိုးမနေကြဘဲ ရော်ဘာကို ပြည်နယ်အတွင်းဧကသိန်းချီ၍ စီးပွားဖြစ်စိုက်ပျိုးကြရန် တိုက်တွန်းလိုကြောင်း၊ တစ်နှစ်ပတ်လုံးနီးပါး ဝင်ငွေရရှိနိုင်မည့်အပြင် ဒေသခံပြည်သူများအတွက်လည်း အလုပ်အကိုင် အခွင့်အလမ်းများဖြစ်ထွန်းတိုးတက် ပေါ်ပေါက်လာမည်ဖြစ်ကြောင်း၊ ရော်ဘာစိုက်တောင်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ လိုအပ်ချက်များကိုလည်း နိုင်ငံတော်က ပံ့ပိုးကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ အခက်အခဲလိုအပ်ချက်ရှိပါက တောင်သူများအနေဖြင့် အချိန်မရွေး တာဝန်ရှိသူအဆင့်ဆင့်ထံ တင်ပြဆောင်ရွက်သွားရန် အကျယ်တဝင့် မှာကြားသည်။

သုတေသနမျိုးပွားခြံ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် သုတေသနနှင့် ရော်ဘာမျိုးပွားခြံအတွင်းရှိ စိုက်ကွက်အမှတ်(၂)သို့ ရောက်ရှိ၍ ရော်ဘာအစေးလှီးထုတ်နိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှု စစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မြစ်ကြီးနား-တန်ဖရဲ(မြစ်ဆုံ)လမ်းပိုင်း အဆင့်မြှင့် ဖောက်လုပ်ဆောင်ရွက်ပြီးစီးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်လမ်းနေ ကွယ်လွန်သူ ခင်ပွန်း ဦးပါအား ရည်စူး၍ ဇနီး ဒေါ်ရင်ပုနှင့် သားသမီးမြေးများက နှင်းဆီကုန်း ဘိုးဘွားရိပ်သာရှိ သုံးထပ် ဘိုးဘွားဆေးရုံသစ်ကြီး ဓာတ်လှေကားအတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးသိန်းအောင်ထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်

ရန်ကုန် စက်တင်ဘာ ၁၃

၁၃၆၇ခုနှစ် တော်သလင်းလပြည့်နေ့ စက်တင်ဘာ ၁၇ရက် (စနေနေ့) မွန်းလွဲ ၁၂နာရီခွဲတွင် ရန်ကုန်မြို့ သာကေတမြို့နယ် (၇)ရပ်ကွက် အာဒိကာရုံတိုက် မင်္ဂလာသီရိကျောင်း ဦးစီးပဓာန နာယကဆရာတော် သာသနဓဇ ဓမ္မာစရိယ သာသနတက္ကသီလ မဟာဓမ္မာစရိယ ဘဒ္ဒန္တ ဣန္ဒာစာရက လည်းကောင်း၊ ညနေ ၃နာရီတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဧရာဝတီတိုင်း ရေကြည်မြို့နယ် သီတာရုံကျောင်း ဦးစီးပဓာန နာယက ဆရာတော် ဓမ္မာစရိယ မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သုဓမ္မိဿရက လည်းကောင်း ရန်ကုန်မြို့ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ရင်ပြင်ရှိ ဆိပ်ကမ်းလုပ်သားပေါင်းစုံ ဓမ္မာရုံကြီး၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားချီးမြှင့်တော်မူမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် စိုက်ကွက်အမှတ်(၈)ရှိ ပျိုးခင်းကွက်ကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ သုတေသနနှင့် ရော်ဘာမျိုးပွားခြံ၌ ရော်ဘာပင်ပေါင်း ၂၀၁၆၄ပင် စိုက်ပျိုးထားပြီး ၁၁၇၂၁ပင်မှ အစေးလှီးနိုင်ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ဦးလှိုင်ဝင်း၏ ယခုနှစ်တွင် စတင်စိုက်ပျိုးထားသည့် ရော်ဘာပင်ပျို သုံးဧက စိုက်ကွင်းကို ကြည့်ရှုစစ်ဆေးပြီး ရော်ဘာတိုးချဲ့စိုက်ပျိုးရေးအတွက် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ပုဂ္ဂလိကတောင်သူဦးကြီးမြင့်၏ ရှစ်ဧကခြံအတွင်းရှိ ရှစ်နှစ်သား ရော်ဘာပင်များ စိုက်ပျိုးထားရှိမှုနှင့် အစေးစတင်ခြစ်ယူနိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် အဖွဲ့ဝင်များလိုက်ပါလျက် မြစ်ကြီးနား-တန်ဖရဲ(မြစ်ဆုံ)လမ်းပိုင်း စီမံကိန်းရှိ ၁၀မိုင်နှင့် ၁၁မိုင်အတွင်း စက်ယန္တရားကြီးများဖြင့် ဘိလပ်မြေနှင့် သဲကျောက်ရောခင်းကြိတ် ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းပြည့်မီအောင် ဆောင်ရွက်ရေး ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မြစ်ကြီးနား-တန်ဖရဲ(မြစ်ဆုံ)လမ်းပိုင်း ဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှု စစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မြစ်ကြီးနား-တန်ဖရဲ(မြစ်ဆုံ)လမ်းပိုင်းရှိ ဦးကရိန်လဆန်၏ ရော်ဘာခြံကို ကြည့်ရှုစစ်ဆေးရာ ခြံတာဝန်ခံ ဦးညွန့်မောင်က ၅၈ ဧကအတွင်း ၁၉၉၉ ခုနှစ်မှ စတင်၍ ရော်ဘာပင်ပေါင်း ၁၂၀၀၀စိုက်ပျိုးထားရှိမှု၊ RRIM ၆၀၀ ၊ RRIM ၆၂၃ မျိုးများကို မွန်ပြည်နယ် မုဒုံမြို့မှ ကိုင်းကူးဆက်ပင်များ မှာယူစိုက်ပျိုးထားရှိမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည်နယ် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း မန်နေဂျာ ဦးဝင်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ရော်ဘာသီးများကို မျိုးစေ့သီးအဖြစ် စတင်အသုံးပြုနိုင်မည့် အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် အောင်မြင်ဖြစ်ထွန်းနေသော ရော်ဘာပင်များကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မြစ်ကြီးနား-တန်ဖရဲ(မြစ်ဆုံ)ကားလမ်းဘေး အာရမ်ရွာရှိ ဦးမြင့်ဦး-ဒေါ်အေးအေးထွေးတို့၏ ရော်ဘာခြံကို ကြည့်ရှုစစ်ဆေးရာ ခြံပိုင်ရှင် ဦးမြင့်ဦးက ခြံဧက ၄၀၀ အတွင်း ၁၉၉၇ ခုနှစ်မှစတင်၍ RRIM ၆၀၀ မျိုး ရော်ဘာပင် ၃၆၁၂၀ စိုက်ပျိုးထားရှိမှု၊ တစ်ဧကထွက်ရှိနှုန်း၊ ရရှိမှုဝင်ငွေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ဧရာဝတီမြစ်ကူး ဗလမင်းထင်တံတား ရှင်းလင်းဆောင်သို့ရောက်ရှိကြရာ တံတားစီမံကိန်း အထူးအဖွဲ့(၁၅)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသက်က တံတားကြီး ကြံ့ခိုင်ရေးအတွက် ဆောင်ရွက်နေမှု၊ ရေလမ်းကြောင်းစီးဆင်းမှု၊ ရေတိုက်စားခြင်းမှ ကာကွယ်ရန် ပေ ၃၀၀အရှည်ရှိ မြစ်ကမ်းထိန်းနံရံတည်ဆောက်ရန် စီစဉ်ဆောင်ရွက်နေမှု၊ (P2)(P3) တိုင်များကို ကျောက်ဖြည့်ဆောင်ရွက်နေမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က နိုင်ငံတော်၏အဓိကစီမံကိန်းဝင် တံတားကြီးဖြစ်သည်နှင့်အညီ ရေရှည်တည်တံ့ကောင်းမွန်ရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်က မျက်ခြည်မပြတ် ပြုပြင်ထိန်းသိမ်းဆောင်ရွက်ရေး၊ ရေတိုက်စားမှုမရှိရေးအတွက် စနစ်တကျ စီမံဆောင်ရွက်ရေးတို့ကို မှာကြားသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တံတားကြီးပေါ်သို့ သွားရောက်ပြီး တံတားကြီး၏ ကြံ့ခိုင်မှုအခြေအနေနှင့် ရေလမ်းကြောင်း စီးဆင်းမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ တပ်ကုန်းကွင်းရပ်ကွက်ရှိ တောင်သူများ၏ ဧက ၄၂၀အတွင်း တစ်ဆက်တစ်စပ်တည်း အောင်မြင်ဖြစ်ထွန်းနေသော မိုးစပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုမှာကြားသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့၌ ညအိပ်ရပ်နားကြသည်။

(သတင်းစဉ်)

သုတေသနနှင့် ရော်ဘာမျိုးပွားခြံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မြစ်ကြီးနားမြို့နယ် နောင်နန်းကျေးရွာရှိ သုတေသနနှင့် ရော်ဘာမျိုးပွားခြံအတွင်း ရော်ဘာအစေးလှီးထုတ်နိုင်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မကွေးတိုင်း တောင်တွင်းကြီးမြို့နယ် ပရပ်ကြယ်ကျေးရွာအနီး မြန်မာ့စားသောက်ကုန် လုပ်ငန်းက အကောင်အထည် ဖော်လျက်ရှိသော ပြောင်းဖူးထွက် စားကုန်ပစ္စည်း စက်ရုံစီမံကိန်း(ရန်ပယ်)ရှိ စက်များ တပ်ဆင်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

(စက်မှု-၁)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၄-၉-၂၀၀၅ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ အတီးပြိုင်ပွဲ
- ၈:၀၅ ၆။ မျိုးမြိုးကြွကြွယဉ်ကျေးမှုအက
- ၈:၁၅ ၇။ အရေးပြိုင်ပွဲ
- ၈:၂၅ ၈။ ဆက်သွယ်ဆင့်ပွား ကျွန်းတောတံတား
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Let's Go..
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၂၀ ၃။ **အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)**
- ၄:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
- ၄:၅၅ ၅။ **၂၀၀၅ခုနှစ် တေရသမအကြိမ် (၁၃ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (မဟာဂီတ) (ဝါသနာရှင်အဆင့်) (အမျိုးသား/အမျိုးသမီး)**
- ၅:၀၅ ၆။ **"ကုသမနေး တီဘီဆေး"** (ရာဇာနေဝင်း၊ သုမောင်၊ ညီကျော်၊ မတူး)
- ၅:၂၀ ၇။ သီချင်းကြီးပဒေသာ
- ၅:၃၀ ၈။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၅:၄၀ ၉။ မြန်မာ့ရိုးရာလက်ဝှေ့ပွဲ
- ၆:၀၀ ၁၀။ သုတစုံလင်ရွှေဥဒေါင်းရှင်
- ၆:၃၀ ၁၁။ ညနေခင်းသတင်း
- ၇:၀၀ ၁၂။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၃။ Variety Spectaculer
- ၇:၃၅ ၁၄။ တေးဂီတအစီအစဉ်
- ၇:၄၅ ၁၅။ ကြားမြင်သုတပြည့်ဝစေရာစာပဒေသာ
- ၈:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ **"ကြိုးတပ်တူရိယာတို့၏ တေးအဖွဲ့ အနွဲ့များ" (ဗိုလ်ကလေးတင့်အောင် စီစဉ်တင်ဆက်သည်)**
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။

ပြောင်းဖူးထွက် စားကုန်ပစ္စည်းစက်ရုံ တည်ဆောက် ဝန်ကြီး ဦးအောင်သောင်း လုပ်ငန်းများပြီးစီးမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၃

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၁၀ရက် မွန်းလွဲ ၂ နာရီတွင် မကွေးတိုင်း တောင်တွင်းကြီးမြို့နယ် ပရပ်ကြယ်ကျေးရွာအနီး တောင်တွင်းကြီး-အောင်လံ ကားလမ်းနံဘေး မြန်မာ့စားသောက်ကုန်လုပ်ငန်းက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ပြောင်းဖူးထွက် စားကုန်ပစ္စည်း စက်ရုံစီမံကိန်း(ရန်ပယ်)သို့ ရောက်ရှိ၍ ပြောင်းစေ့သိုလှောင်ကန် (Silo) သုံးလုံး တည်ဆောက်ပြီးစီးမှုနှင့် သိုလှောင်ကန်အောက်ခြေမှ ပြောင်းဆန်များ ဖြည့်သွင်းရန် မော်တာများတပ်ဆင်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက ပြောင်းဆန်များ သိုလှောင်ရန် သိုလှောင်ကန်များ တည်ဆောက်ရခြင်းဖြစ်ရာ သိုလှောင်ထားမည့် ပြောင်းဆန်များ၏ အရည်အသွေးကောင်းမွန်ကာ ကြာရှည်သိုလှောင်နိုင်ရေး၊ ပိုးမွှားများကင်းစင်ရေးအတွက် စနစ်တကျ နည်းလမ်းများ ရှာဖွေသွားရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် စက်ရုံအတွင်း စက်များတပ်ဆင် ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက မြို့ပြဆိုင်ရာ တည်ဆောက်မှုလုပ်ငန်းများနှင့် အင်ဂျင်နီယာပိုင်းဆိုင်ရာ ဆောင်ရွက်မှုလုပ်ငန်းများကို လုပ်ငန်းစဉ်ဇယားနှင့်အညီ အမြန်ပြီးစီးရေး ဆောင်ရွက်သွားရန် မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် စက်ရုံစီမံကိန်း ရှင်းလင်းဆောင်၌ တာဝန်ရှိသူများနှင့် တွေ့ဆုံရာ စက်ရုံမှူး ဦးဇော်ထွန်းအောင်၊ မြန်မာ့စားသောက်ကုန် လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးလှိုင်တို့က မြို့ပြဆိုင်ရာ တည်ဆောက်ပြီးစီးမှု အခြေအနေများ၊ အင်ဂျင်နီယာပိုင်းဆိုင်ရာ စက်များတပ်ဆင်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

မှာကြား

ဝန်ကြီးက ဤစက်ရုံသည် ပြောင်းဖူးထွက် စားကုန်ပစ္စည်းထုတ်လုပ်ရေး၌ မြန်မာပြည်တွင် ပထမဆုံး တည်ဆောက်သော စက်ရုံဖြစ်ကြောင်း၊ စက်ရုံမှာ မကြာမီ ပြီးစီးတော့မည်ဖြစ်ရာ ယခုကပင် စက်ရုံ၏ အဓိကကုန်ကြမ်း ပြောင်းဆန်များ ရရှိရေးအတွက် တောင်သူများနှင့် စည်းရုံးညှိနှိုင်းဆောင်ရွက်ရေး၊ စက်အရန်ပစ္စည်းများထားရှိရေးနှင့် ပြောင်းဖူးထွက်ချိန် ပြောင်းဖူးများ ဝယ်ယူ၍ သိုလှောင်ရုံများ၌ထားရှိရန် သိုလှောင်ရုံများအသင့်ရှိရေး စသည့် အစီအမံများကို ဆောင်ရွက်သွားကြရန် မှာကြားသည်။ ဝန်ကြီးသည် ညနေ ၅နာရီတွင် မကွေးတိုင်း သရက်မြို့ မြန်မာ့ ကြွေထည်မြေထည်လုပ်ငန်း သရက်ဘိလပ်မြေစက်ရုံ အမှတ်(၁)ရှိ ထုံးကျောက်တောင်သို့ ရောက်ရှိပြီး ၁ နာရီ တန် ၃၀၀ ကြိတ်ခွဲနိုင်စွမ်းရှိသော ကျောက်ခွဲစက်အသစ် တည်ဆောက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၈၄၀ ရှိ အပေါ်ယံမြေလွှာ ဖယ်ရှားမှုနှင့် ထုံးကျောက်များ တူးဖော်ခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိရာ လက်ထောက်စက်ရုံမှူး ဦးကြီးမြင့်က ၂၀၀၅-၂၀၀၆ ခုနှစ် ထုံးကျောက်ဖော်ထုတ်မှုနှင့် အပေါ်ယံ မြေလွှာဖယ်ရှားမှု၊ ထုံးကျောက်များ တည်ရှိမည့် အလွှာအထိ အပေါ်ယံမြေလွှာဖယ်ရှားမှု၊ထုတ်ယူနိုင်မည့်ထုံးကျောက်တန်ချိန်လေးသိန်းနှင့် ဖယ်ရှားရမည့် အပေါ်ယံမြေလွှာ တန် ၁၁ သိန်း အခြေအနေများကို ကန့်မြေပုံဖြင့် လည်းကောင်း၊ ထုံးကျောက်တောင်၏ နမူနာပုံစံငယ်ဖြင့် လည်းကောင်း ရှင်းလင်း တင်ပြပြီး အပေါ်ယံမြေလွှာဖယ်ရှားအပြီး ထုံးကျောက်လွှာကို ၂၀၄၄ ခုနှစ်အထိ ဖော်ထုတ်သုံးစွဲသွားနိုင်မည့် အခြေအနေများကို လည်းကောင်း တင်ပြသည်။

ကြည့်ရှု

ထိုမှတစ်ဆင့် ဝန်ကြီးသည် သရက်ဘိလပ်မြေစက်ရုံ အမှတ်(၁)ရှိ ပြုပြင်ရန် လိုအပ်လျက်ရှိသော မီးသင်းဖို အမှတ်(၂)၏ အခြေအနေကိုလည်းကောင်း၊ လည်ပတ် ထုတ်လုပ်လျက်ရှိသော မီးသင်းဖို အမှတ်(၁)၏ အခြေအနေများကို လည်းကောင်း ကုန်ထုတ်လိုင်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

စစ်ဆေး

ထို့နောက် ဝန်ကြီးသည် အသစ်ပြန်လည်တည်ဆောက်နေသော ကုန်ကြမ်းကြိတ်စက် အမှတ်(၂) တည်ဆောက်မှုနှင့် အကြီးစားပြင်ပြီး ဖြစ်သော ကုန်ကြမ်းကြိတ်စက် အမှတ်(၂)၏ စက်လည်ပတ်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် ညနေပိုင်းတွင် ကျောက်ခွဲစက်အသစ်နှင့် ကုန်ကြမ်းကြိတ်စက် အသစ်တို့၌ တပ်ဆင်ရန် ပြည်ပမှ ရောက်ရှိလာသော စက်ကိရိယာ အစိတ်အပိုင်းများကို ကြည့်ရှု စစ်ဆေးသည်။

ဝန်ကြီးသည် ည ၇ နာရီတွင် သရက်ဘိလပ်မြေစက်ရုံ အမှတ်(၁) အစည်းအဝေးခန်းမ၌ စက်ရုံအရာထမ်း အမှုထမ်းများနှင့်တွေ့ဆုံ၍ ကုန်ထုတ်လုပ်မှု တိုးတက်ရေးနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် အမိန့်နှင့် ညွှန်ကြားချက်များကို လေးစားလိုက်နာ ဆောင်ရွက်ရေးနှင့်ပတ်သက်၍လည်းကောင်း၊ စက်ရုံလုံခြုံရေး၊ စည်းကမ်းလိုက်နာရေးများနှင့်ပတ်သက်၍ လည်းကောင်း ဆွေးနွေးမှာကြားခဲ့သည်။

(သတင်းစဉ်)

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး

အရည်အသွေးမီဆေးဝါးများ တင်သွင်းရောင်းချကူညီပေး

သတင်းစာဆရာတစ်ဦး

ကတိသစ္စာ၊ တည်သောခါ၌ ဩဇာလေးနက်၊ ပေါ်ဆီတက်၍ နှယ်မြက်သစ်ပင်၊ ဆေးဖက်ဝင်၏။

နိုင်ငံတော်က ပြည်သူတစ်ရပ်လုံးကျန်းမာကြံ့ခိုင်ပြီး ရောဂါဘယ ကင်းစင်စွာ သက်တမ်းစေ့နေနိုင်ရေးအတွက် ပြည်သူ့ကျန်းမာရေး အဆင့်အတန်း မြင့်မားရေးနဲ့ ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို မျက်ခြည်မပြတ် အလေးထား ဖော်ဆောင်ပေးနေပါတယ်။

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် ဆောင်ရွက်ကြရာမှာ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းတွေ တစ်နိုင်ငံလုံး လွှမ်းခြုံတိုးတက်လာတဲ့နည်းတူ အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းတဲ့ အာနိသင်ရှိသော ဆေးဝါးတွေကို တင်သွင်းရောင်းချသုံးစွဲနိုင်ကြမှသာ **အနာနဲ့ဆေး၊ တည့်အောင်ပေး** ဆိုသလို အကျိုးသက်ရောက်မှုရှိမှာဖြစ်ပြီး သုံးစွဲသူအများပြည်သူများရဲ့ ကျန်းမာကြံ့ခိုင်ရေးအတွက်လည်း ထိထိရောက်ရောက် အထောက်အကူပြုနိုင်မှာ ဖြစ်ပါတယ်။ ဒီကနေ့မျက်မှောက် နိုင်ငံတကာသတင်းတွေထဲမှာ စံချိန်စံညွှန်းမမီတဲ့ ဆေးဝါးနဲ့ ဆေးဝါးအတုပြဿနာတွေကြောင့် ကမ္ဘာ့ပြည်သူတွေရဲ့ ကျန်းမာရေးကို ထိခိုက်ပျက်ပြားစေကြောင်း မကြာခဏ တွေ့မြင်ဖတ်ရှု နေရပါတယ်။

ဒါကြောင့်မို့ ကျန်းမာရေးဝန်ကြီးဌာနနဲ့ အခြားဆက်စပ် နီးနွယ်နေတဲ့ ဌာနတွေ၊ အသင်းအဖွဲ့တွေက အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းတဲ့ အာနိသင်ရှိသော ဆေးဝါးများ တင်သွင်းရောင်းချ သုံးစွဲနိုင်ရေးအတွက် ကြပ်မတ်ကွပ်ကဲဆောင်ရွက်ပေးနေမှု အခြေအနေတွေကို လေ့လာစုံစမ်းဖြစ်ခဲ့ပါတယ်။ အရည်အသွေးမီ ဆေးဝါးများ တင်သွင်းရောင်းချမှုနဲ့ သက်ဆိုင်တဲ့ သတင်းအချက်အလက်တွေကို ဆေးဝါးတင်သွင်းသူတွေ၊ ဖြန့်ဖြူးရောင်းချသူတွေ၊ သုံးစွဲနေသူတွေအပါအဝင် အများပြည်သူတွေ ကြိုတင်သိရှိပြီး ဆောင်ရန်အချက်တွေကို လိုက်နာကျင့်သုံးနိုင်ကြဖို့နဲ့ ရှောင်ရန်အချက်တွေကို သတိပြု ရှောင်ရှားနိုင်ကြဖို့အတွက် သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်တွေနဲ့ တွေ့ဆုံမေးမြန်းပြီး တင်ပြလိုက်ရခြင်း ဖြစ်ပါတယ်။

ပထမဦးဆုံး ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာ စိုးမြတ်ထွန်းက ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ အရည်အသွေး မှန်ကန် ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းတဲ့ အကျိုးအာနိသင် ပြည့်ဝတဲ့ဆေးဝါးတွေကို အများပြည်သူများ သုံးစွဲနိုင်ဖို့အတွက် ပြည်ပမှ တင်သွင်းခွင့်ပြုပေးနေတဲ့ အခြေအနေတွေကို အခုလို ရှင်းလင်းပြောကြားပါတယ်။

“နိုင်ငံတော်က အမျိုးသားဆေးဝါးဥပဒေကို ၁၉၉၂ ခုနှစ် အောက်တိုဘာလမှာ ပြဋ္ဌာန်းပေးခဲ့ပါတယ်။ ၁၉၉၃ခုနှစ် ဩဂုတ်လမှာလည်း အမျိုးသားဆေးဝါးဥပဒေနှင့်ပတ်သက်သော အမိန့်ကြော်ငြာစာများကို ထပ်မံ ထုတ်ပြန်ပေးခဲ့ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနက အဲဒီဥပဒေပါ ပြဋ္ဌာန်းချက်တွေနဲ့အညီ အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အာနိသင်ပြည့်ဝတဲ့ဆေးဝါးတွေကို အများပြည်သူတွေ သုံးစွဲနိုင်ဖို့အတွက် ဆေးဝါးများ မှတ်ပုံတင်ခြင်းလုပ်ငန်း၊ ပြည်တွင်းသို့ တင်သွင်းခြင်းလုပ်ငန်းနဲ့ သိုလှောင်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းတွေကို ထိန်းသိမ်းကွပ်ကဲပေးနေပါတယ်။

“အစားအသောက်နဲ့ဆေးဝါးကိစ္စအဝဝကို ကွပ်ကဲကြပ်မတ် ဆောင်ရွက်နိုင်ဖို့အတွက် မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးအာဏာပိုင် အဖွဲ့ (Myanmar Food and Drug Board of Authority)ကို အမျိုးသားဆေးဝါးဥပဒေနှင့်အညီ ဖွဲ့စည်းဆောင်ရွက်နေပါတယ်။ ဒါ့အပြင် အမျိုးသားဆေးဝါးဥပဒေပုဒ်မ(၂၉)ပါ ပြဋ္ဌာန်းချက်နဲ့အညီ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန လက်အောက်မှာ ၁၉၉၅ ခုနှစ်မှစပြီး အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာန (Food and Drug Administration-FDA) ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။ အဲဒီဌာနရဲ့လုပ်ငန်းဆောင်ရွက်မှုကို ကြီးကြပ်ပေးနိုင်ဖို့အတွက် ၁၉၉၃ ခုနှစ်မှာ ဗဟိုအစားအသောက်နှင့်ဆေးဝါး ကြီးကြပ်ကွပ်ကဲမှုကော်မတီနဲ့ ဆေးဝါးအကြံပေးကော်မတီတို့ကို ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့ပါတယ်။ ၂၀၀၂ခုနှစ်မှာ ကော်မတီနှစ်ရပ်စလုံးကို ပြင်ဆင်ဖွဲ့စည်းပေးခဲ့ပြီး အာနိသင်ပြည့်ဝတဲ့ ဆေးဝါးတွေ ပြည်သူလူထု သုံးစွဲခွင့်ရဖို့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနဟာ အမျိုးသားဆေးဝါးဥပဒေအရ အပ်နှင်းထားတဲ့ လုပ်ပိုင်ခွင့်များကို ကျင့်သုံးပြီး ဆေးဝါးတင်သွင်းခြင်း လုပ်ငန်းလုပ်ကိုင်ခွင့်နှင့်ပတ်သက်သော အချက်အလက်များ၊ ဆေးဝါးတင်သွင်းခြင်း လုပ်ငန်းလုပ်ကိုင်ခွင့် လက်မှတ်ရရှိသူများ လိုက်နာရမည့် အချက်များအရ တိကျစွာ လိုက်နာကျင့်သုံးအောင် ကြပ်မတ်ဆောင်ရွက် ပေးနေပါတယ်။

“ဆေးဝါးဆိုတာ တင်သွင်းခွင့်ရှိရုံ၊ တင်သွင်းလိုက်ရုံနဲ့မပြီးပါဘူး။ သုံးစွဲသူလက်ဝယ်ရောက်တဲ့အထိ အာနိသင်ပြည့်ဝတဲ့ ဆေးဝါးတွေဖြစ်နေစေဖို့အတွက် ဆေးဝါးထားသိုပုံကအစ၊ ဆေးဝါးသိုလှောင်ရုံနဲ့ပတ်သက်တဲ့ အချက်အလက်တွေကအစ စနစ်တကျရှိမရှိကိုလည်း ကွင်းဆင်းစစ်ဆေး ကြပ်မတ်ပေးနေပါတယ်။ မှတ်ပုံတင်ထားတဲ့ဆေးဝါးကိုသာ ပြည်ပမှတင်သွင်းရမှာဖြစ်လို့တင်သွင်းမယ့်ဆေးဝါးကို ဖော်ပြရာမှာ ဆေးဝါးရဲ့ အမှတ်တံဆိပ်အမည် (Trade Name)၊ ဆေးဝါးမျိုးရိုးအမည်(Generic Name)၊ ဆေးဝါးပုံသဏ္ဌာန် (Dosage Forms)၊ ပါဝင်မှုပမာဏ (Strength)၊ ထုပ်ပိုးပုံ(Packaging & Presentation)၊ ရေတွက်ပုံ(Accounting Unit)၊ ထုတ်လုပ်တဲ့စက်ရုံနိုင်ငံ(Name of Manufacturer/Country) စတာတွေ ပြည့်စုံစွာ တင်ပြဖို့ လိုအပ်ပါတယ်။

“ဆေးဝါးတင်သွင်းခွင့် လျှောက်ထားသူဟာ ပြည်ပမှ တင်သွင်းလိုတဲ့ ဆေးဝါးတွေနဲ့ပတ်သက်တဲ့ စီမံခန့်ခွဲမှု (Administrative) အထောက်အထားများ၊ ဆေးဝါးဓာတု (Pharmaceutical) အထောက်အထားများ၊ ဆေးဝါးဗေဒ (Pharmacological) အထောက်အထားများ၊ ဆေးဝါးကုသမှုတွေ့ရှိချက် (Clinical Studies) အထောက်အထားမှတ်တမ်းများ ပြည့်စုံစွာပါတဲ့ ဆေးဝါးမှတ်တမ်း(Document/Dossier)နဲ့အတူ မှတ်ပုံတင်လိုတဲ့ ဆေးဝါးနမူနာတွေကို အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန (FDA)သို့ ပေးပို့တင်ပြရမှာဖြစ်ပါတယ်။ ရှေးဦးစွာ ဆေးဝါးမှတ်တမ်းကို FDA က အသေးစိတ်ကိုက်ညှိစစ်ဆေးပြီး မှန်ကန်မှုရှိမှဆေးဝါးနမူနာကို လက်ခံဆောင်ရွက်ပေးပါတယ်။ အချက်အလက်အားလုံးနဲ့ ကိုက်ညီမှန်ကန်တဲ့ ဆေးဝါး နမူနာကို ဓာတ်ခွဲခန်းကိုပို့ပြီး သတ်မှတ်ချက်များနဲ့ ကိုက်ညီမှုရှိမရှိစစ်ဆေးပါတယ်။ ဆေးဝါးမှတ်တမ်းတွေလည်း ပြည့်စုံတယ်။ ဓာတ်ခွဲမှုအဖြေတွေအရလည်းသတ်မှတ်ချက်တွေနဲ့ ညီညွတ်တယ်ဆိုရင် ဆေးဝါးအကြံပေးကော်မတီအစည်းအဝေးကို တင်ပြရပါတယ်။ အဲဒီအစည်းအဝေးကနေ မှတ်ပုံတင်ခွင့်ပြုဖို့ တင်ပြထားတဲ့ ဆေးဝါးတစ်ခုချင်းအလိုက် လက်ခံရန်သင့်၊ မသင့်အဆုံးအဖြတ်ရယူပါတယ်။ ဆရာဝန်ညွှန်ကြားချက်အတိုင်းလိုက်နာသုံးစွဲဖို့လိုအပ်တဲ့ ဆေးဝါးတွေကို လက်တွေ့သုံးစွဲနိုင်ဖို့အတွက် ဆေးပညာရှင်တွေဆီ ကြိုတင်ဖြန့်ဝေပေးပါတယ်။ ဆေးပညာရှင်တွေက လက်တွေ့သုံးစွဲရာမှာ ကျေနပ်ဖွယ်ရာရှိသည်လို့ သဘောထားမှတ်ချက်ပြုတဲ့ ဆေးဝါးတွေကိုသာ မှတ်ပုံတင်ပေးဖို့ခွင့်ပြုတာဖြစ်ပါတယ်။

“ဆေးဝါးအကြံပေးကော်မတီအနေနဲ့ နိုင်ငံတကာသုံးစွဲမှု အခြေအနေ၊ ဆေးကျမ်းကိုးကားချက်နဲ့ ကျွမ်းကျင်မှုရှုထောင့်တွေက အပြန်ပြန် အလှန်လှန် လေ့လာသုံးသပ်ပြီး မှတ်ပုံတင်ပေးဖို့လက်ခံသင့်ပါက လက်ခံပြီး လက်ခံရန်မသင့်ပါက မှတ်ပုံတင်ပေးဖို့ ငြင်းပယ်ပါတယ်။ ဒီလိုငြင်းပယ်ရခြင်းဟာ အများပြည်သူရဲ့

> **“ပြည်တွင်းဈေးကွက်ထဲမှာ အာနိသင်အာမ မခံနိုင်တဲ့၊ မှတ်ပုံတင် မထားတဲ့ ဆေးဝါးတွေ တရားမဝင်သောနည်းလမ်းတွေနဲ့ ရောက်ရှိ ရောင်းဝယ်နေတာ တွေ့ရှိလို့ အဲဒီတရားမဝင် ဆေးဝါးတွေကို အများ ပြည်သူတွေ ဝယ်ယူသုံးစွဲမှုမပြုရေးအတွက် အသိပေး နှိုးဆော်ချက်တွေ ကိုလည်း ကျန်းမာရေးဝန်ကြီးဌာနက အခါမလပ် ထုတ်ပြန်နှိုးဆော်ပေး လျက်ရှိပါတယ်”**

ကျန်းမာရေး ရှုထောင့်ကနေကြည့်ပြီး ငြင်းပယ်ရခြင်းဖြစ်ပါတယ်။ မှတ်ပုံတင်ခွင့်မရတဲ့ ဆေးဝါးမှတ်ပုံတင်ထားတဲ့ ဆေးဝါးတွေကိုလည်း ဘယ်လိုနည်းလမ်းမျိုးနဲ့မှ တင်သွင်းခွင့်မရှိပါဘူး။ ဒါကြောင့်မို့ တရားဝင်မှတ်ပုံတင်ထားခြင်းမရှိတဲ့ ဆေးဝါးတွေဟာ အရည်အသွေးအာနိသင်အာမခံချက်မရှိကြောင်း ဆေးဝါးရောင်းချနေသူတွေရော၊ ဝယ်ယူသုံးစွဲနေသူတွေပါ နားလည်သဘောပေါက်ကြဖို့ လိုအပ်ပါတယ်။

“ပြည်တွင်းဈေးကွက်ထဲမှာ အာနိသင် အာမ မခံနိုင်တဲ့၊ မှတ်ပုံတင်မထားတဲ့ ဆေးဝါးတွေတရားမဝင်သော နည်းလမ်းတွေနဲ့ရောက်ရှိရောင်းဝယ်နေတာတွေ့ရှိလို့ အဲဒီတရားမဝင်ဆေးဝါးတွေကို အများပြည်သူတွေ ဝယ်ယူသုံးစွဲမှု မပြုရေးအတွက် အသိပေးနှိုးဆော်ချက်တွေကိုလည်းကျန်းမာရေးဝန်ကြီးဌာနက အခါမလပ် ထုတ်ပြန် နှိုးဆော်ပေးလျက်ရှိပါတယ်။

“ဆေးဝါးတင်သွင်းဖြန့်ဖြူးတဲ့ ကုမ္ပဏီတွေ၊ ဆေးဝါးရောင်းချတဲ့ ဆေးဆိုင်တွေအနေနဲ့လည်း မြန်မာနိုင်ငံမှာမှတ်ပုံတင်ထားခြင်းမရှိတဲ့ ဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမညီဆေးဝါးများကို ဘယ်သူသေသေ ငတေမာရင်ပြီးရောသဘောနဲ့ တင်သွင်းရောင်းချမှု လုံးဝမပြုသင့်ပါဘူး။ ပြဋ္ဌာန်းထားတဲ့ဥပဒေ၊ နည်းဥပဒေတွေကိုလိုက်နာ ဆောင်ရွက်ခြင်းမပြုရင် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက တည်ဆဲဥပဒေအရအရေးယူသွားမှာဖြစ်ပါတယ်။ လက်ရှိအခြေအနေအရ မြန်မာနိုင်ငံမှာ မှတ်ပုံတင်ရရှိထားတဲ့ ဆေးဝါးအမျိုးပေါင်း ၇၈၄၀ရှိပြီး ကျန်းမာရေးဝန်ကြီးဌာနက ဆေးဝါးတင်သွင်းခွင့်ပြုထားတဲ့ ကုမ္ပဏီပေါင်း ၁၈၉ခုရှိနေပါတယ်”

မှတ်ပုံတင်မထားသော ဆေးဝါးများကို တင်သွင်းခွင့်မရှိကြောင်း၊ တင်သွင်းရောင်းချပါက အရေးယူခံရမှာဖြစ်ကြောင်းနှင့် ဝယ်ယူသုံးစွဲမှု မပြုသင့်ကြောင်း သိလိုက်ရပါပြီ။ မှတ်ပုံမတင်ထားတဲ့ဆေးဝါးတွေ ပြည်တွင်းဈေးကွက်ထဲ ရောက်ရှိနေခြင်းဟာ တရားမဝင်သော နည်းလမ်းတွေကနေတစ်ဆင့် ဝင်ရောက်လာတာဖြစ်ပါတယ်။ ခုလို ပြည်တွင်း ဈေးကွက်ထဲကို အရောရောအနှောနှော ရောက်ရှိနေတာမို့ အများပြည်သူတွေ အနေနဲ့ ဘယ်ဟာကအစစ်အမှန်၊ ဘယ်ဟာကအတုအပ၊ ဘယ်ဟာက စံချိန်မမီတဲ့ဆေးတွေလည်းဆိုတာ ခွဲဖြန်ပိုင်းခြားနိုင်ဖို့ ကျန်းမာရေးဝန်ကြီးဌာနက ရုပ်မြင်သံကြား၊ ရေဒီယိုနဲ့သတင်းစာတွေမှတစ်ဆင့် ပြန်ကြားပေးနေတာဟာ အလွန်ကောင်းမွန်တဲ့ အစီအစဉ်တစ်ခုဖြစ်ပါတယ်။

ဆေးဝါးတင်သွင်းသူတွေအနေနဲ့ အရည်အသွေးမီဆေးဝါးတွေကို လွယ်ကူချောမွေ့စွာတင်သွင်းနိုင်ဖို့အတွက် FDAက ကူညီပံ့ပိုးဆောင်ရွက် ပေးနေသလို ကုန်သွယ်မှုပြုရာမှာ အခက်အခဲတွေရှိ၊ မရှိ အခြေအနေမှန်ကို သိဖို့အတွက် ဆေးဝါးတင်သွင်းမှုနဲ့ ပတ်သက်၍ ကုန်သွယ်ရေးဦးစီးဌာနက ဆောင်ရွက်ပေးနေတဲ့ အစီအမံတွေကို ဆက်လက် မေးမြန်းစုံစမ်းခဲ့ပါတယ်။

ပြည်တွင်းကုမ္ပဏီတွေအနေနဲ့ မှတ်ပုံတင်ထားတဲ့ဆေးဝါးတွေကို ပြည်ပမှ တင်သွင်းဖို့လျှောက်ထားမှုနဲ့စပ်လျဉ်းပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန သွင်းကုန်လုပ်ငန်းဌာနမှ ဒုတိယညွှန်ကြားရေးမှူးဒေါက်တာခင်ဦးမေနဲ့ တွေ့ဆုံမေးမြန်းခဲ့ရာမှာ အဆင်ပြေလွယ်ကူချောမွေ့အောင် ဆောင်ရွက်ပေးနေပုံတွေကို အခုလို ရှင်းလင်းပြောကြားပါတယ်။

“ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ သွင်းကုန်လုပ်ငန်းဌာနအနေနဲ့ သွင်းကုန်လိုင်စင် လျှောက်ထားမှုတွေအပေါ်မှာ စိစစ်ချက်ပြည့်စုံတဲ့ လျှောက်ထားမှုအားလုံးကို ကုန်သွယ်မှု မူဝါဒကောင်စီထံ တင်ပြခွင့်ပြုချက်ရယူပြီး လျှောက်ထားချက် ရာနှုန်းပြည့် သွင်းကုန်လိုင်စင်ထုတ်ပေးလျက် ရှိပါတယ်။ ဆေးဝါးအုပ်စုကိုတော့ အထူးအရေးကြီးတဲ့ သွင်းကုန်ပစ္စည်းအုပ်စုအနေနဲ့ သတ်မှတ်ထားကြောင်း တင်ပြလိုပါတယ်။

“ဆေးဝါးအုပ်စုမှာ လူသုံးဆေးဝါး၊ မွေးမြူရေးဆေးဝါး၊ ဆေးပစ္စည်း၊ ဆေးဝါးကုန်ကြမ်းနဲ့ ပရဆေးကုန်ကြမ်းတွေ ပါဝင်ပါတယ်။ ပြည်တွင်းသို့ စံမမီတဲ့ဆေးဝါးတွေ၊ ဆေးဝါးအတုတွေ ဝင်ရောက်မလာအောင် သက်ဆိုင်သူအားလုံးမှာ တာဝန်ရှိတယ်လို့ခံယူပြီး ပူးပေါင်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

“စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ အထက်ပါ ဆေးဝါးအုပ်စုများ သွင်းကုန် လိုင်စင်လျှောက်ထားမှုတွေကို အရေးကြီးတဲ့ လုပ်ငန်းတစ်ရပ်အနေနဲ့ စိစစ်ဆောင်ရွက်ပေးနေပါတယ်။ အာနိသင်မပြည့်ဝတဲ့ ဆေးတွေကို လျှော့ဈေးတွေနဲ့ ပြည်ပမှ တင်သွင်းလာပြီး ပြည်တွင်းဈေးကွက်မှာ အာနိသင်ပြည့်ဝတဲ့ ဆေးတွေနဲ့တန်းတူ ရောင်းချလာတဲ့အတွက် သုံးစွဲသူပြည်သူတွေကို ထိခိုက်နစ်နာစေပါတယ်။ ရောဂါလည်း မပျောက်သလို ငွေကုန်ကြေးကျပိုများရပါတယ်။ အမှန်တကယ် ဝယ်ယူရတဲ့ဈေးထက် နိမ့်တဲ့ဈေး (Under invoice)တွေနဲ့ တင်ပြလျှောက်ထားလာကြတဲ့ မှုမမှန်တဲ့ လုပ်ရပ်တွေကြောင့်လည်း မိမိနိုင်ငံမှ နိုင်ငံခြားငွေတွေ ပြည်ပကို ယိုဖိတ်သွားရတာမျိုးလည်း ရှိနိုင်တဲ့အပြင် နိုင်ငံတော်က ရသင့်ရထိုက်တဲ့ အခွန်အခများကို ထိခိုက်နစ်နာစေနိုင်ပါတယ်။

“ဒါတွေကို ကာကွယ်နိုင်ဖို့အတွက် သွင်းကုန်လိုင်စင်လျှောက်ထားလာတဲ့ ဆေးဝါးရဲ့ဈေးနှုန်းတွေ မှန်ကန်မှုရှိအောင် စိစစ်ဆောင်ရွက်ပေးဖို့ လိုအပ်လာပါတယ်။ ဒါကြောင့် သွင်းကုန်လိုင်စင် လာရောက် လျှောက်ထားကြတဲ့အခါ လူသုံးဆေးဝါး၊ ဆေးဝါးကုန်ကြမ်းနဲ့ ဆေးပစ္စည်းတွေရဲ့ လျှောက်ထားဈေးနှုန်း မှန်ကန်မှုရှိစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနက ဦးဆောင်ပြီး မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်း ကုန်သည်များအသင်းမှ ကိုယ်စားလှယ်တွေပါဝင်တဲ့ ဆေးဝါးသွင်းကုန် ဈေးနှုန်းညှိနှိုင်းရေးနှင့် ဆေးဝါးအရည်အသွေး စိစစ်ရေးကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ထားပါတယ်။ အဲဒီကော်မတီရဲ့ဆေးဝါးဈေးနှုန်း သင့်လျော်မှုရှိကြောင်း စိစစ်ထောက်ခံချက်အရ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက ဆက်လက် စိစစ်ဆောင်ရွက်ပေးနေပါတယ်။

“မွေးမြူရေးဆေးဝါးများ တင်သွင်းဖို့ လျှောက်ထားရာမှာ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရဲ့ ဈေးနှုန်းသင့်လျော်မှု ထောက်ခံချက်အပါအဝင် ထောက်ခံချက်တွေကိုရယူပြီး လျှောက်ထားဖို့လိုပါတယ်။ ပရဆေးကုန်ကြမ်းတွေ တင်သွင်းချင်တယ်ဆိုရင်လည်း ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနရဲ့ ထောက်ခံချက်ရယူပြီး တင်ပြလျှောက်ထားရမှာ ဖြစ်ပါတယ်။

“ကုန်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာနအနေနဲ့ သွင်းကုန်လိုင်စင် လျှောက်ထားမှုအားလုံးကို စိစစ်ဆောင်ရွက်ပေးရာမှာ ကုမ္ပဏီမှတ်ပုံတင်ကတ်ပြားနဲ့ ထုတ်ကုန်သွင်းကုန် လုပ်ငန်းရှင် မှတ်ပုံတင် လက်မှတ်တို့ သက်တမ်းပြည့်မီမှုရှိ၊ မရှိ စိစစ်ပြီး အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် ဆေးဝါးသွင်းကုန်လိုင်စင်လျှောက်ထားမှုနဲ့ ပတ်သက်ပြီး တင်ပြလျှောက်ထားလာတဲ့ကုမ္ပဏီဟာ မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များ အသင်းဝင် လက်မှတ်၊ ဆေးဝါး လက်လီလက်ကားရောင်းချခွင့်လိုင်စင်၊ ကျန်းမာရေး ဝန်ကြီးဌာနရဲ့ ဆေးဝါးမှတ်ပုံတင်လက်မှတ် (Drug Registration Certificate, DRC)၊ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ဆေးဝါးတင်သွင်းခြင်းလုပ်ငန်း လုပ်ပိုင်ခွင့်လက်မှတ်(Drug Importation Approval Certificate, DIAC)တို့ကို ပြည့်စုံစွာ တင်ပြလျှောက်ထားဖို့ လိုအပ် ပါတယ်။ သေချာအောင် တိုက်ဆိုင်စစ်ဆေးနိုင်ဖို့အတွက် ဖြစ်ပါတယ်။ အချက်အလက်တွေအရ စိစစ်ပြီး ပြည့်စုံမှန်ကန်မှုရှိရင် ကုန်သွယ်မှု မူဝါဒကောင်စီသို့ တင်ပြခွင့်ပြုချက်ရယူပြီး လျှောက်ထားမှုပမာဏ အပြည့်အဝအပေါ် သွင်းကုန်လိုင်စင်များ ထုတ်ပေးနေပါတယ်”

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❑

❑ စာမျက်နှာ ၁၀ ဆောင်းပါးမှ အဆက်

ကျန်းမာရေးဝန်ကြီးဌာနက တရားဝင်မှတ်ပုံတင်ခွင့်ပြုတဲ့ ဆေးဝါးများကို ပြည်ပမှတင်သွင်းရာမှာ နယ်စပ်ကုန်သွယ်ရေးနဲ့ တင်သွင်းတာတွေလည်း ရှိတယ်လို့ သိရပါတယ်။ ဒါကြောင့်မို့ နယ်စပ်ဝင်ပေါက်များမှတစ်ဆင့် တရားဝင်မှတ်ပုံတင်ခွင့်ပြုထားတဲ့ဆေးဝါးများ တင်သွင်းခွင့်ပေးနေတဲ့ အခြေအနေကို သိရှိရအောင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်ချယ်ရီမောင်နဲ့ တွေ့ဆုံမေးမြန်းခဲ့ရာမှာ အခုလိုရှင်းပြခဲ့ပါတယ်။

"စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနက မြန်မာ-တရုတ်နယ်စပ်မှာ မူဆယ်၊ လွယ်ဂျယ်၊ လိုင်ဇာ၊ ချင်းရွှေဟော်နဲ့ ကန်ပိုက်တီးနယ်စပ်ကုန်သွယ်ရေးစခန်းများ၊ မြန်မာ-ထိုင်းနယ်စပ်မှာ တာချီလိတ်၊ မြဝတီ၊ ကော့သောင်နဲ့ မြိတ်နယ်စပ်ကုန်သွယ်ရေးစခန်းများ၊ မြန်မာ-အိန္ဒိယနယ်စပ်မှာ တမူးနဲ့ရိဒ်နယ်စပ် ကုန်သွယ်ရေးစခန်းများ၊ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်မှာ စစ်တွေနဲ့ မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းများ ဖွင့်လှစ်ပေးထားတဲ့အပြင် ထိုင်းနယ်စပ်မှတစ်ဆင့် မြန်မာနိုင်ငံသို့ ဝင်ရောက်လာနိုင်မည့် လမ်းကြောင်းပေါ်မှာ မရမ်းချောင်းစစ်ဆေးရေးစခန်းကိုပါ ဖွင့်လှစ်ထားပြီး တရားမဝင် အကောက်ခွန်မဲ့ ကန့်သတ်ကုန်ပစ္စည်းများမပါရှိစေဖို့ One Stop Services (OSS) အဖွဲ့တွေ ဖွဲ့စည်းတာဝန်ပေးဆောင်ရွက်လျက်ရှိပါတယ်။

"အဲဒီ One Stop Services အဖွဲ့မှာ ပါဝင်တဲ့ဌာနတွေကတော့ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန၊အကောက်ခွန်ဦးစီးဌာန၊လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာ့စီးပွားရေးဘဏ်နဲ့ ပြည်တွင်းအခွန်များဦးစီးဌာနတို့ ဖြစ်ပါတယ်။

"ဖော်ပြပါ နယ်စပ်ကုန်သွယ်ရေးစခန်းနယ်မြေများမှာ OSS အဖွဲ့တွေက တရားမဝင်အကောက်ခွန်မဲ့ကန့်သတ်ကုန်ပစ္စည်းများကို တားဆီးရှာဖွေ စစ်ဆေးတဲ့အခါ တရားမဝင်ဆေးဝါးများကိုလည်း ဖမ်းဆီးအရေးယူနိုင်ခဲ့ပါတယ်။ တစ်ဖက်မှာလဲ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနနဲ့ နယ်စပ်ကုန်သွယ်ရေးစခန်းများမှတစ်ဆင့် တရားဝင်မှတ်ပုံတင်ခွင့်ပြုထားတဲ့ ဆေးဝါးများတင်သွင်းခွင့် လာရောက်လျှောက်ထားရာမှာ လုပ်ထုံးလုပ်နည်းနဲ့အညီ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှာ လျှောက်ထားသလိုပဲ လျှောက်ထားရတာဖြစ်ပြီး Drugs Importation Approval Certificate၊ ဆေးဝါး လက်လီလက်ကား ရောင်းချခွင့်လိုင်စင်၊ Drugs Registration Certificate၊ List of Registered Approved၊ မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းကုန်သည်များ၏ အသင်းဝင်လက်မှတ်နှင့် ဈေးနှုန်းများ၊ ဆေးဝါးအသုံးပြုပုံ စတဲ့ အထောက်အထားစာရွက်များနဲ့တကွ လျှောက်ထားကြရပါတယ်။ တင်သွင်းခွင့်ရသော ဆေးဝါးများ မြန်မာနိုင်ငံသို့ ရောက်ရှိတဲ့အခါမှာ ဆေးဝါးနမူနာတစ်မျိုးစီကို FDA သို့ စစ်ဆေးရန် ပေးပို့လျက်ရှိပါတယ်"

အဲဒီလိုအရည်အသွေးမီပြီး အာနိသင်ပြည့်ဝတဲ့ ဆေးဝါးများ တင်သွင်းဖို့ လျှောက်ထားရာမှာ လွယ်ကူအဆင်ပြေစေရေးအတွက် အစိုးရဌာနများနဲ့အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနေတဲ့ ဆေးနှင့် ဆေးပစ္စည်း ကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းရဲ့ ပူးပေါင်းပါဝင် ဆောင်ရွက်မှုအပိုင်းကိုလည်း အဆိုပါအသင်း အတွင်းရေးမှူး ဒေါက်တာစောလှထွန်းက အခုလိုရှင်းပြခဲ့ပါတယ်။

"စံချိန်မမီတဲ့ ဆေးဝါးတွေ ဈေးကွက်ထဲကို ရောနှောဝင်ရောက်လာပြီး ဒီကတစ်ဆင့် သုံးစွဲသူတွေ ဆေးအတွက်လေးနေရတဲ့အဖြစ် မရောက်အောင် ကြိုတင်ကာကွယ်ရေးဟာ အားလုံးရဲ့တာဝန်ပဲဖြစ်ပါတယ်။ အထူးသဖြင့် ဆေးနှင့်ဆေးပစ္စည်း ကုန်သည်များနှင့်လုပ်ငန်းရှင်များအသင်းဟာ ပြည်သူလူထု အမှန်တကယ် သုံးစွဲဖို့လိုအပ်တဲ့ ဆေးဝါးတွေ ဝယ်ယူရရှိရေးအတွက် ပေါင်းကူးတံတားအဖြစ် ခံယူဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူလူထု အမှန်တကယ်လိုအပ်တဲ့ ဆေးဝါးတွေ တင်သွင်းပေးဖို့ ကုန်သည်များနဲ့ လုပ်ငန်းရှင်များမှာ တာဝန်အပြည့်အဝရှိပါတယ်။

"၂၀၀၅ ခုနှစ် ဩဂုတ်လအတွင်းမှာ ကျန်းမာရေးဝန်ကြီးဌာနရဲ့ အဆင့်မြင့်အရာထမ်းတွေ ပါဝင်ကြီးကြပ်ကွပ်ကဲမှုနှင့် ဆေးဝါးလုပ်ငန်းရှင် ၁၂ ဦးပါဝင်တဲ့ ဆေးဝါးသွင်းကုန်ဈေးနှုန်း ညှိနှိုင်းရေးနှင့် ဆေးဝါးအရည်အသွေးစိစစ်ရေးကော်မတီကို ဖွဲ့စည်းဆောင်ရွက်စေခဲ့ပါတယ်။ အဲဒီကော်မတီဟာ အနည်းဆုံးခုနစ်ဦး စုံညီပါဝင်တဲ့အဖွဲ့နဲ့ နေ့စဉ်တင်ပြလာတဲ့ သွင်းကုန်ဆေးဝါး လျှောက်လွှာများကို သေချာစွာစိစစ်ပြီး အတည်ပြုချက် ရတဲ့ လျှောက်လွှာတွေကို နေ့ချင်းပြီးစိစစ်ပေးပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနက ထပ်မံစစ်ဆေးပြီး အဲဒီလျှောက်လွှာတွေကို လုပ်ငန်းရှင်များထံသို့ ဆက်လက်ပေးပို့ပါတယ်။

"ဆေးနှင့်ဆေးပစ္စည်း သွင်းကုန်လိုင်စင်လျှောက်ထားမှုမှာပါဝင်တဲ့ ဈေးနှုန်းညှိနှိုင်းရန် ထောက်ခံချက်ကို အသင်းကထုတ်ပေးနေရာမှာ သက်ဆိုင်ရာဆေးဝါးတင်သွင်းတဲ့ ကုမ္ပဏီရဲ့ ၎င်းတင်သွင်းတဲ့ ဆေးဝါးဈေးနှုန်းတွေ မှန်ကန်ပါတယ်ဆိုတဲ့ ဝန်ခံချက်၊ သက်ဆိုင်ရာ ဆေးဝါးထုတ်လုပ်တဲ့ ကုမ္ပဏီရဲ့ ရောင်းဈေးဖော်ပြချက် စတာတွေကို အဓိကတင်ပြဖို့လိုပါတယ်။

"ဈေးနှုန်းမှန်ကန်စွာ တင်သွင်းလာတဲ့ဆေးဝါးဟာ အရည်အသွေးအာနိသင်ပြည့်ဝတဲ့ ဆေးဖြစ်မယ်လို့ ယေဘုယျယူဆထားလို့ ရပါတယ်။ တင်သွင်းဖို့ လျှောက်ထားလာတဲ့ ဆေးဝါးရဲ့ ဈေးနှုန်းနဲ့ ဆေးဝါးအနေအထား လိုက်လျောညီထွေမှုရှိရဲ့လားဆိုတာကို အသင်းကနေစိစစ်ပြီး မှန်ကန်တယ်ဆိုရင် လုပ်ထုံးလုပ်နည်းတွေအရ တင်သွင်းခွင့်ရအောင် ထောက်ခံပေးနေတာဖြစ်ပါတယ်။

"အသင်းအနေနဲ့ စိစစ်ရာမှာ သတ်မှတ်ထားတဲ့ အချက်အလက်တွေ ပြည့်စုံမှုရှိ၊ မရှိနဲ့ ဖော်ပြဈေးနှုန်း မှန်၊ မမှန်ကို အဓိကထား စစ်ဆေးပေးပါတယ်။ သွင်းကုန်ဈေးနှုန်းဖော်ပြရာမှာ သင့်လျော်မှုမရှိရင် ပြန်လည် ညှိနှိုင်းပြီး သင့်လျော်အောင် ဆောင်ရွက်ပေးပါတယ်။ ဆေးဝါးတင်သွင်းသူဘက်က မှန်ကန်တဲ့ ဈေးနှုန်းကိုသာတင်ပြပြီး ကျန်းမာရေးဝန်ကြီးဌာနရဲ့ ခွင့်ပြုချက်အတိုင်း ဆေးဝါးများကို တင်သွင်းပေးရမှာ ဖြစ်ပါတယ်။ နိုင်ငံအတွင်း ရောက်ရှိလာတဲ့ ဆေးဝါးတွေကိုလည်း သုံးစွဲသူများလက်ထဲ မှန်မှန်ကန်ကန် ရောက်ရှိစေဖို့နဲ့ ဆေးဝါးရောင်းချရာမှာ ကိုင်တွယ်ပုံ၊ ထားသိုပုံကစ မှားယွင်းလစ်ဟာမှု မရှိရလေအောင် အသင်းအနေနဲ့ ဆေးဝါးရောင်းချမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွေ ကျင်းပပေးခဲ့တာ လေးကြိမ်မြောက်ရှိခဲ့ပါပြီ။ ဆေးဝါးများကို အမှန်တကယ်ရောင်းချပေးနေတဲ့ ပုဂ္ဂိုလ်တွေကို အဓိကထားပြီး သင်တန်းတွေ ပို့ချပေးနေတာဖြစ်ပါတယ်"

ကျန်းမာရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဆေးနှင့်ဆေးပစ္စည်း ကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းတို့ရဲ့ ပေါင်းစပ်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်မှုတွေနဲ့အညီ တရားဝင် မှတ်ပုံတင်ထားသော ဆေးဝါးများ ပြည်ပမှတင်သွင်းရောက်ရှိလာတဲ့အခါမှာ ထုတ်ယူရောင်းချဖို့လည်း လွယ်ကူအဆင်ပြေဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်ဆုအောင်နဲ့ တွေ့ဆုံမေးမြန်းခဲ့ရာမှာ အခုလို ရှင်းပြပါတယ်။

"အကောက်ခွန်ဦးစီးဌာနအနေနဲ့ FDA က ကြိုတင်ပေးပို့လာတဲ့ အမျိုးသားဆေးဝါးဥပဒေပါ ပြဋ္ဌာန်းချက်တွေနဲ့အညီ ခွင့်ပြုထားတဲ့ Drugs on Register စာအုပ်ကို ရယူထိန်းသိမ်းထားပါတယ်။ တင်သွင်း မှာကြားလိုက်တဲ့ ဆေးဝါးတွေရောက်ရှိလာတဲ့အခါ တင်သွင်းသူဟာ တင်သွင်းခွင့်လိုင်စင်တွေ၊ FDA က ခွင့်ပြုတဲ့ DRC စတာတွေနဲ့အတူလိုအပ်တဲ့ စာရွက်စာတမ်းတွေကိုပါ အကောက်ခွန်ဦးစီးဌာနမှာ သွင်းကုန်ကြေညာလွှာ တင်သွင်းရမှာဖြစ်ပါတယ်။ တင်ပြလာတဲ့ စာရွက်စာတမ်းတွေနဲ့အတူ သွင်းကုန်ကြေညာလွှာအပေါ်မှာ ရုံးချုပ်အပိုင်းက စာရွက်စာတမ်းတွေ မှန်၊မမှန် စစ်ဆေးဆောင်ရွက်ပေးပါတယ်။

"FDA ကပေးပို့လာတဲ့ DRC ထဲမှာပါတဲ့ Generic Name, Brand Name, Manufacturer, Country of origin, Date of valid စတဲ့ အချက်တွေကို တိုက်ဆိုင်စစ်ဆေးပါတယ်။ စာရွက်စာတမ်းများ မှန်ကန်ရင် လိုအပ်တဲ့ အခွန်ငွေစည်းကြပ်မှုပြုပြီး ပစ္စည်းရောက်ရှိနေတဲ့ ဆိပ်ကမ်း/လေဆိပ်သို့ စာရွက်စာတမ်းတွေ ပေးပို့ပါတယ်။ ဆိပ်ကမ်း/လေဆိပ်မှာတာဝန်ကျနေတဲ့ အကောက်ခွန်ဝန်ထမ်းတွေက မျက်မြင်ထပ်မံ တိုက်ဆိုင်စစ်ဆေးပြီး စစ်ဆေးမှုမှန်ကန်တာနဲ့ အချိန်ကြန့်ကြာမှုမရှိစေရဘဲ ထုတ်ယူခွင့်ပြုပေးနေပါတယ်။ တကယ်လို့ မျက်မြင်ဖွင့်ဖောက် စစ်ဆေး စဉ်မှာ FDAက ခွင့်ပြုထားချက်များနဲ့သော်လည်းကောင်း၊ ကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနက ခွင့်ပြုထားတဲ့ လိုင်စင်ပါမစ် အချက်အလက်များနဲ့သော်လည်းကောင်း ကွဲလွဲမှုရှိနေရင်တော့ ထုတ်ယူခွင့်မပြုသေးမီ ခေတ္တတားဆီးထားပြီး ကွဲလွဲမှုဖြစ်ပေါ်နေတဲ့ အခြေအနေတွေကို ဆက်လက် တင်ပြရပါတယ်။

"လိုအပ်ရင် FDA ရဲ့ သဘောထားမှတ်ချက်ကို ထပ်မံတောင်းခံပြီး ဆက်လက်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ FDAကို ပေးပို့ဖို့ ဆေးဝါးနမူနာ တင်သွင်းမှု ကိစ္စရပ်မှာတော့ FDAမှ နမူနာတောင်းခံသော စာရွက်စာတမ်းများအရ တိုက်ဆိုင်စစ်ဆေးပြီး အကောက်ခွန်ချိပ်တံဆိပ်ပိတ်ကာ နမူနာစမ်းသပ်မှုပြုရန် FDAသို့ ပေးပို့ခွင့်ပြုပါတယ်။ ဆေးကုမ္ပဏီတွေအနေနဲ့ ပြည်ပမှ တင်သွင်းတဲ့ ဆေးဝါးတွေ မြန်မြန်ဆန်ဆန် ထုတ်ယူနိုင်ရေးအတွက် FDA က ထုတ်ပြန်တဲ့ ခွင့်ပြုချက်ဆေးဝါးစာရင်း Drug on register စာအုပ်ကို အကောက်ခွန်ဦးစီးဌာနသို့ အချိန်မီ ကြိုတင်ပေးပို့ပေးသွားရင် လုပ်ငန်းဆောင်ရွက်မှု ပိုပြီးအဆင်ပြေချောမွေ့မှာဖြစ်ပါတယ်"

အရည်အသွေးမီ ဆေးဝါးများတင်သွင်း၊ ဖြန့်ဖြူး၊ရောင်းချခြင်းနဲ့ စပ်လျဉ်းပြီး တိုင်းရင်းဆေးဝါးများနဲ့ သက်ဆိုင်နေတဲ့ သတင်းအချက်အလက်တွေကိုလည်း တွေ့ဆုံမေးမြန်းဖြစ်ခဲ့ပါတယ်။ တိုင်းရင်းဆေးဝါးများနဲ့ စပ်လျဉ်းပြီး ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာစိန်ဝင်းက အခုလို ရှင်းပြပါတယ်။

"မြန်မာနိုင်ငံအတွင်းမှာ ဖော်စပ်ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိတဲ့ တိုင်းရင်းဆေးဝါးများ အရည်အသွေး ပြည့်မီစေဖို့၊ ဘေးအန္တရာယ် ကင်းရှင်းစေဖို့နဲ့ ဆေးဝါးအာနိသင်ကောင်းမွန်စေဖို့ ရည်ရွယ်ပြီး တိုင်းရင်းဆေးဝါးဥပဒေကို ၁၉၉၆ ခုနှစ် ဇူလိုင်လ ၂၅ ရက်နေ့မှာထုတ်ပြန်ကြေညာခဲ့သလို အဲဒီဥပဒေနဲ့ပတ်သက်တဲ့ အမိန့်ကြော်ငြာစာ ခုနစ်ခုကိုလည်း ၁၉၉၆ ခုနှစ် ဩဂုတ်လ ၉ ရက်နေ့မှာ ထုတ်ပြန်ကြေညာပေးခဲ့ပါတယ်။

"တိုင်းရင်းဆေးဝါးဥပဒေအရ မြန်မာနိုင်ငံအတွင်းမှာ ထုတ်လုပ်လျက်ရှိတဲ့ မြန်မာ့တိုင်းရင်းဆေးများကို ဥပဒေနှင့်အညီ မှတ်ပုံတင်နိုင်ဖို့အတွက် ဓာတ်ခွဲစစ်ဆေးစမ်းသပ်မှုများ၊ ဆေးဝါးဖော်စပ်မှုဆိုင်ရာ အထောက်အထားများကို စစ်ဆေးအတည်ပြုပြီးမှ တိုင်းရင်းဆေးဝါးများကို မှတ်ပုံတင်ပေးပါတယ်။

"အဲဒီလို မှတ်ပုံတင်နိုင်ဖို့အတွက် တိုင်းရင်းဆေးဝါးထုတ်လုပ်တဲ့ လုပ်ငန်းရှင်များဟာ ဗဟိုတိုင်းရင်းဆေးဝါး ကြီးကြပ်မှုကော်မတီမှာ လျှောက်ထားရပါတယ်။ ဆက်လက်ပြီးတော့ မှတ်ပုံတင်ပြီး တိုင်းရင်းဆေးဝါးများကို ထုတ်လုပ်နိုင်ဖို့အတွက် တိုင်းရင်းဆေးဝါး ထုတ်လုပ်မှုလိုင်စင်ကိုလည်း လျှောက်ထားရပါတယ်။ တိုင်းရင်းဆေးဝါးထုတ်လုပ်တဲ့ လုပ်ငန်းတည်ရှိရာကို သက်ဆိုင်ရာ စစ်ဆေးရေးအဖွဲ့က သွားရောက်ပြီး ကောင်းမွန်တဲ့ ထုတ်လုပ်မှုကျင့်စဉ်နဲ့အညီဆောင်ရွက်မှုရှိ၊ မရှိ စစ်ဆေးပြီး မှန်ကန်မှုရှိမှသာထုတ်လုပ်မှုလိုင်စင်ထုတ်ပေးပါတယ်။ မည်သူမဆို မှတ်ပုံတင်ထားပြီးဖြစ်တဲ့ တိုင်းရင်းဆေးဝါးကိုသာ ထုတ်လုပ်ရောင်းချခွင့်ရှိပါတယ်။ အဲဒီလို လိုက်နာဆောင်ရွက်ခြင်းမရှိရင် တိုင်းရင်းဆေးဝါးဥပဒေအရ အရေးယူခြင်းခံရမှာ ဖြစ်ပါတယ်။

"တိုင်းရင်းဆေးဝါးတွေထဲမှာ ထည့်သွင်းဖော်စပ်ထားတဲ့ ကုန်ကြမ်းတွေဟာ ဆေးဖက်ဝင်အပင်များ၊ တိရစ္ဆာန်ထွက်ပစ္စည်းများ၊ ရေထွက်မြေထွက်ပစ္စည်းများဖြစ်ပါတယ်။ အဲဒီပစ္စည်းအချို့ကို မြန်မာနိုင်ငံအတွင်းမှာရရှိပြီး အချို့ကိုပြည်ပမှ တင်သွင်းရပါတယ်။ အဲဒီလိုတင်သွင်းရာမှာ တိုင်းရင်းဆေးပညာဦးစီးဌာနအနေနဲ့ တင်သွင်းတဲ့ကုန်ကြမ်းဟာ မြန်မာ့တိုင်းရင်းဆေးဖော်စပ်မှုမှာ အသုံးပြုခြင်းရှိ၊ မရှိကို ထောက်ခံပေးပါတယ်။

"အခြားသောနိုင်ငံများမှထုတ်လုပ်တဲ့ တိုင်းရင်းဆေးဝါးများ တင်သွင်းရာမှာ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာန (FDA)ကစစ်ဆေးပြီး မှတ်ပုံတင်ထုတ်ပေးပါတယ်။ မှတ်ပုံတင်မထုတ်ပေးမီ လျှောက်ထားလာတဲ့ ဆေးဝါးဟာ ဖော်ပြထားတဲ့ကုသမှုမှာ အမှန်တကယ်ဟုတ်၊ မဟုတ်ကို တိုင်းရင်းဆေးပညာဦးစီးဌာနရဲ့ သဘောထားမှတ်ချက်ကို တောင်းခံပါတယ်။ တိုင်းရင်းဆေးပညာဦးစီးဌာနအနေနဲ့ မြန်မာ့တိုင်းရင်းဆေးပညာအလိုအရ အသုံးပြုတဲ့ရောဂါများအတွက် ထောက်ခံပေးပါတယ်။ ဒါ့အပြင် အချို့သော ပရဆေးကုန်ကြမ်းများဟာ မြန်မာ့တိုင်းရင်းဆေးပညာမှာ အသုံးပြုခြင်းမရှိသေးတာကြောင့် ၎င်းတို့အသုံးပြုတဲ့မိုငြမ်းစာအုပ်များရဲ့အလိုအရ စစ်ဆေးပေးလျက်ရှိပါတယ်"

သက်ဆိုင်ရာဌာနများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများရဲ့ အထက်ဖော်ပြပါ ရှင်းလင်းပြောကြားချက်များအရ အရည်အသွေး စစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းတဲ့ အာနိသင်ရှိသော ဆေးဝါးများကို တင်သွင်းရောင်းချနိုင်ဖို့အတွက် လုပ်နည်းလုပ်ဟန်များ၊ လုပ်ငန်းစဉ်များ လွယ်ကူအဆင်ပြေချောမွေ့အောင် စီမံဆောင်ရွက်ပေးနေကြောင်း ပေါ်လွင်ထင်ရှားနေပါတယ်။

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်မှ တစ်နိုင်ငံလုံးရဲ့ လူ့စွမ်းအားအရင်းအမြစ်အားလုံးပေါင်းရုံးပြီး နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို အားသွန်ခွန်စိုက် အင်တိုက်အားတိုက် တစိုက်မတ်မတ် ဖော်ဆောင်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ သက်ဆိုင်ရာဝန်ထမ်းတွေ၊ အသင်းအဖွဲ့ဝင်တွေ အပိုင်းက လုပ်ငန်းလိုအပ်ချက်များ၊ ဟာကွက်ပျော့ကွက်များမရှိအောင်စေတနာရှေ့ထားပြီး တာဝန်ကျေပွန်စွာ ဆက်လက် ဆောင်ရွက်ပေးသွားကြမှာ ဖြစ်သလို ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနဲ့ လုပ်ငန်းရှင်များအပိုင်းကလည်း တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် အရည်အသွေးမီ ဆေးဝါးများတင်သွင်းရောင်းချခြင်းဖြင့် ပါဝင်ပူးပေါင်း ကူညီကြပါလို့ တိုက်တွန်းတင်ပြလိုက်ရပါတယ်။ ။

ကျိုက္ခမီ ရေလယ်ဘုရား ဗုဒ္ဓပူဇနိယပွဲတော်

ရန်ကုန် စက်တင်ဘာ ၁၃

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကျိုက္ခမီဆုတောင်းပြည့်ရေလယ်ဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကို အောက်တိုဘာ ၁၈ရက်မှ ၂၂ရက်အထိ ကျင်းပမည်ဖြစ်သည်။

လှူဒါန်းလိုသူများသည် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်း၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးချမ်းစိန်၊ အတွင်းရေးမှူးဦးလှကြည်နှင့် ဘဏ္ဍာရေးမှူး ဦးလှမြင့်ဆွေတို့ထံ ဆက်သွယ်လှူဒါန်းနိုင်သည်။ (က-ပ)



နိုင်ငံတကာစာတတ်မြောက်ရေးအထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို)မှလှူဒါန်းသော စာအုပ်နှင့် စာရေးကိရိယာများကို ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ သာကေတမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြကြိုင်နှင့်အဖွဲ့ဝင်များက စက်တင်ဘာ ၉ ရက်က အမှတ်(၇) ရပ်ကွက် မြန်မာညွန့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ပဓာန နာယကဆရာတော် ဘဒ္ဒန္တသောဘဏထံ ဆက်ကပ်လှူဒါန်းစဉ်။

(မိခင်/ကလေး)

တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပြိုင်ပွဲများ ဆက်လက်ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၃

၂၀၀၅ခုနှစ် (၂၁)ကြိမ်မြောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလားအသက်(၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို သတ်မှတ်ထားသော ပြည်နယ်နှင့်တိုင်းဇုန်များ၌ ယနေ့ညနေပိုင်းတွင် ဆက်လက်ကျင်းပသည်။

အုပ်စုပွဲစဉ်များ

(က)အုပ်စု ရတခဇုန် (မော်လမြိုင်) ရာမညအားကစားကွင်း၌ ကျင်းပသောပြိုင်ပွဲတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (ခ)အုပ်စု နတခဇုန် (ပုသိမ်) အားကစားကွင်း၌ ကျင်းပသော ပြိုင်ပွဲတွင် အမှတ်(၃၃) ခြေမြန်တပ်မဌာနချုပ်အသင်းက အမှတ်(၁၀၁)ခြေမြန်တပ်မဌာနချုပ်အသင်းကို ကိုးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (ဂ)အုပ်စု နမခဇုန်(မုံရွာ)အားကစားကွင်း၌ ကျင်းပသောပြိုင်ပွဲတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်အသင်းက အမှတ်(၂၂) ခြေမြန်တပ်မဌာနချုပ်အသင်းကို ကိုးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (ဃ)အုပ်စု လပခဇုန် (မန္တလေး) ဗထူး အားကစားကွင်း၌ကျင်းပသောပြိုင်ပွဲတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက အရှေ့တောင်တိုင်းစစ်ဌာနချုပ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိကြပြီး (င)အုပ်စု တပခဇုန်(တောင်ငူ) အားကစားကွင်း၌ကျင်းပသောပြိုင်ပွဲတွင် မြောက်ပိုင်းတိုင်းစစ်ဌာချုပ်အသင်းနှင့် အမှတ်(၆၆)ခြေမြန်တပ်မဌာနချုပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားသည်။ (သတင်းစဉ်)

ဒဂုံ မြို့နယ်ကျောင်း ကျန်းမာရေး ကော်မတီ၏ ၂၀၀၄ - ၂၀၀၅ ပညာသင်နှစ် ကျောင်း ကျန်းမာရေး စံပြထူးချွန်ဆုချီးမြှင့်ပွဲနှင့် မြို့နယ်အဆင့် ကျောင်းကျန်းမာရေးအဆင့်မြင့်ကျောင်း ထူထောင်ရေးဆင့်ပွားနည်းပြ သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၅ ရက်က အမှတ်(၁)အခြေခံပညာ အလယ်တန်းကျောင်းတွင် ကျင်းပရာ အလယ်တန်းအဆင့် စံပြလွန်ထူးချွန်ဆုကို တိုင်းကျန်းမာရေး ဦးစီးဌာနမှူးဒေါက်တာ ဦးလှမြင့်က အလက(၁)ဒဂုံ ကျောင်းအုပ်ဆရာမကြီး ဒေါ်စောယုခင်အား ဆုချီးမြှင့်စဉ်။

(မြို့နယ် ကျန်းမာရေး)

ဒဂုံအရှေ့စက်မှုမြို့ လုပ်ငန်းဆောင်ရွက်မှုများ တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေ ကြည့်ရှုအားပေး

ရန်ကုန် စက်တင်ဘာ ၁၃

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေသည် ယမန်နေ့မွန်းလွဲပိုင်းတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်ရှိ ဒဂုံအရှေ့စက်မှုမြို့သို့ သွားရောက်၍ စက်မှုလုပ်ငန်းရှင်များအား တွေ့ဆုံအမှာစကားပြောကြားပြီး စက်မှုမြို့အတွင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ညနေ ၃ နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ဒဂုံအရှေ့စက်မှုမြို့ စီမံခန့်ခွဲရေး ကော်မတီရုံး ကနောင်ခန်းမသို့ ရောက်ရှိရာ ရန်ကုန်အရှေ့ပိုင်းခရိုင် စက်မှုဇုန်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရှိန်က ခရိုင်အတွင်းရှိ စက်မှုဇုန်(၉)ဇုန်၊ စီးပွားရေးဖွံ့ဖြိုးမှုဇုန် (၁)ဇုန်တို့နှင့်ပတ်သက်သည့် အချက်အလက်များ၊ စက်ရုံပေါင်း ၁၈၁၂ ရုံ လည်ပတ်၍ ကျပ်ငွေသန်းပေါင်း ၆၉၇၃၁ ဒသမ ၆ သန်း ရင်းနှီးမြှုပ်နှံဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ဘဏ္ဍာရေးနှစ်များအလိုက် လျာထားချက် ပြည့်မီစွာ ထုတ်လုပ်နိုင်ခဲ့သည့် အခြေအနေနှင့် (၂၀၀၅–၂၀၀၆) ဘဏ္ဍာရေးနှစ်အတွင်း စက်မှုကဏ္ဍ ထုတ်လုပ်မှု မြင့်မားစေရေး ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဒဂုံအရှေ့စက်မှုမြို့ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးနေဝင်းဆွေက စက်မှုမြို့ဆိုင်ရာ အချက်အလက်များ၊ စက်မှုဇုန်အတွင်းလမ်းများ ခင်းကျင်းပြီးစီးမှု၊ လျှပ်စစ်ဓာတ်အား ရရှိမှု၊ တယ်လီဖုန်း တပ်ဆင်ပြီးစီးမှု၊ အခြေခံ အဆောက်အအုံများ တည်ဆောက်ပြီးစီးမှု၊ စည်းကမ်းထိန်းသိမ်းရေးနှင့် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု၊ စက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် စက်မှုမြို့ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းပေးစေလိုသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အကောင်အထည်ဖော်

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံတစ်နိုင်ငံဖြစ်သော်လည်း နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးစေရေးအတွက် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင်လည်း ကြိုးပမ်းလျက်ရှိကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိကကျသည့် လယ်ယာကဏ္ဍ ထုတ်လုပ်မှုမြင့်မားအောင် ဆောင်ရွက်နေသကဲ့သို့ တစ်ဖက်ကလည်း စက်မှုကဏ္ဍ ထုတ်လုပ်မှု မြင့်မားစေရေးအတွက် စက်မှုဇုန်ကြီးများ တည်ထောင်၍ ပုဂ္ဂလိက စက်မှုလက်မှု ကဏ္ဍကို အားပေးမြှင့်တင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် စက်မှုဇုန်ကြီးများ၏ အဓိကလိုအပ်ချက်ဖြစ်သည့် လျှပ်စစ်ဓာတ်အားမှာလည်း အလုံအလောက် ရရှိနေပြီဖြစ်၍ မိမိတို့၏ စက်မှုလုပ်ငန်းများကို ယခင်ကထက် တိုးမြှင့်ဆောင်ရွက်ပြီး ထုတ်လုပ်မှု မြင့်မားအောင် ကြိုးပမ်းကြစေလိုကြောင်း၊ သွင်းကုန်အစားထိုးနိုင်ရုံသာမက ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်အောင် ထုတ်လုပ်သည့် ကုန်ပစ္စည်းတစ်မျိုးချင်းကို အရည်အသွေး စံချိန်စံညွှန်းမီစွာ ထုတ်လုပ်ကြပြီး ကုန်ပစ္စည်း အမယ်သစ်များ ထုတ်လုပ်နိုင်အောင်လည်း ကြံဆကြိုးပမ်းကြစေလိုကြောင်း၊ စက်မှုကဏ္ဍ မြင့်မားလာခြင်းဖြင့် လုပ်ငန်းရှင်များ၏ ပုဂ္ဂလိက စက်မှုလုပ်ငန်း အရည်အသွေး မြင့်မားလာရုံသာမက နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအထောက်အကူပြုမှာ ဖြစ်ကြောင်း၊ ပြည်သူတို့၏ လူနေမှုအဆင့်အတန်းလည်း ပိုမိုမြင့်မားလာမှာဖြစ်ကြောင်းနှင့် နိုင်ငံတော်၏ စက်မှုကဏ္ဍ မြင့်မားစေရေးအတွက် တာဝန်ရှိသူများနှင့် စက်မှုလုပ်ငန်းရှင်များက မိမိတတ်ကျွမ်းသည့်ကဏ္ဍမှ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးကာ တွေ့ဆုံပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ် မြင့်ဆွေသည် Diamond Star ကုမ္ပဏီလီမိတက်၏ ဂျုံစက်၊ စိန်ငွေမြ ကုမ္ပဏီ လီမိတက်၏ Myanmar Star ငါး၊ ပုစွန်မွေးမြူရေး အစားအစာ ထုတ်လုပ် သည့် စက်ရုံ၊ Top Choice ဗလာစာအုပ်စက်ရုံနှင့် N.W.S ကုမ္ပဏီ လီမိတက်၏ သစ်အခြေခံ စက်မှုလုပ်ငန်းစက်ရုံများကို ကြည့်ရှုစစ်ဆေးသည်။

ရင်းနှီးမြှုပ်နှံ

ဒဂုံအရှေ့စက်မှုမြို့သည် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် ရန်ကုန်–မန္တလေး အမှတ်(၂) လမ်းမကြီးဘေး၌ တည်ရှိသည်။ ၂၀၀၀ ပြည့်နှစ် နိုဝင်ဘာလ၌ စီမံကိန်း စတင်ဆောင်ရွက်ခဲ့ပြီး စီမံကိန်းဧရိယာ စုစုပေါင်း ၆၆၆ ဧကပေါ်၌ စက်ရုံပေါင်း ၁၄ ရုံ လည်ပတ်လျက်ရှိကာ ကျပ်ငွေသန်းပေါင်း ၅၈၄၅ ဒသမ ၄၈ သန်း ရင်းနှီးမြှုပ်နှံဆောင်ရွက်လျက်ရှိသည်။ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၏ ပုဂ္ဂလိကပိုင် စက်မှုလက်မှုကဏ္ဍအပေါ် စက်မှုမြို့၏ ပါဝင်မှု ရာခိုင်နှုန်းမှာ ၈၇ ရာခိုင်နှုန်းဖြစ်ပြီး တစ်မျိုးသားလုံး အသား တင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှု တန်ဖိုးအားဖြင့် ၁၂၆၃ ဒသမ ၃၃ သန်း ဖြစ်သည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် ဒဂုံအရှေ့ စက်မှုမြို့ရှိ Diamond Star **ကုမ္ပဏီလီမိတက်၏ ဂျုံစက်ရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

မိုးကုတ်တရားစခန်း ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၃

ရန်ကုန်တိုင်း အလုံမြို့နယ် ငုဝါလမ်း မဟာအောင်မြေဓမ္မိကာရုံကျောင်းတိုက် မိုးကုတ် ဝိပဿနာအဖွဲ့ခွဲ (၁၄၈) ဓမ္မရိပ်သာတွင် သီတင်းကျွတ် (၁၀)ရက် တရားစခန်းပွဲကို အောက်တိုဘာ ၁၆ ရက်မှ ၂၅ရက်အထိ ကျင်းပမည်ဖြစ်ရာ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဓမ္မကထိက အရှင်သုမနာစာရ(ပွေးလှကျောင်း)နှင့် အဖွဲ့ချုပ် ဓမ္မကထိက ဆရာကြီးဦးစိန်ဝတို့က ဟောကြားပြသမည်ဖြစ်၍ ယောဂီများသည် စက်တင်ဘာ ၁၇ရက်မှစ၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က–ပ)

အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ဉာဏ်ရည်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၃

မြန်မာနိုင်ငံ ဆရာဝန်အသင်း၊ အထွေထွေရောဂါကုဆရာဝန်များအဖွဲ့နှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့(UNFPA)တို့ပူးပေါင်း၍ အသက်(၁၅)နှစ်မှ (၂၄)နှစ်အတွင်း "အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ဉာဏ်ရည်ပြိုင်ပွဲ(မန္တလေး)"ကို "လူငယ်စွမ်းအား ပိုမြင့်မား၊ တားဆီးတိုက်ဖျက် အေအိုင်ဒီအက်စ်" (Youth; Smarter than AIDS) ခေါင်းစဉ်ဖြင့် စက်တင်ဘာ ၂၈ရက်နှင့် ၂၉ရက်များတွင် မန္တလေးမြို့ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

စိတ်ပါဝင်စားသူ လူငယ်များ စက်တင်ဘာ ၂၃ရက် နံနက် ၈နာရီမှ ၉နာရီအတွင်း အထက်ပါခန်းမတွင် စာရင်းပေးသွင်းနိုင်သည်။ အသေးစိတ်သိရှိလိုပါက ဒေါက်တာနေဝင်း ဖုန်း–၀၉ ၈၀ ၂၁၈၀၂၊ အုပ်ချုပ်ရေးမှူး၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း(မန္တလေး)ရုံး ဖုန်း–၀၂–၆၄၈၄၄၊ ၀၂–၃၈၆၃၄နှင့် ဒေါက်တာလွှမ်းမိုး အထွေထွေအတွင်းရေးမှူး၊ အထွေထွေရောဂါကုဆရာဝန်များအဖွဲ့ (မန္တလေး) ဖုန်း–၀၉–၂၀၀၁၁၇၃တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ (က–ပ)

စက်တင်ဘာ ၁၀ ရက်က ကျင်း ပ သည့် ရန် ကုန် တိုင်း ကမ္ဘာ့ ရှေးဦး ပြုစုခြင်း နေ့ အထိမ်းအမှတ် အ ခမ်း အ နား တွင် မြန်မာ နိုင်ငံ ကြက်ခြေနီ အသင်း က ကြီးမှူး ပြု လုပ် သည့် ဖိတ်ခေါ် ပိုစ တာ ပြိုင်ပွဲ၌ အခြေခံ ပညာ အ လယ် တန်း အ ဆင့် တွင် တတိယဆု ရရှိသည့် မအေးမြတ်သူ (အထက–၂ လသာ)အား ဒေါက်တာ ဒေါ်ခင်ဆန်းနွယ် ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင် အမှတ်(၂) စက်မှုဝန်ကြီးဌာန တောင်ဒဂုံစက်မှုနယ်မြေရှိ ဓာတ်ခဲအလုပ်ရုံကို ကြည့်ရှုစစ်ဆေးစဉ်။ (စက်မှု–၂)

စက်မှု(၂) ဝန်ကြီး ဗိုလ်ချုပ်စောလွင် အလုပ်ရုံများ စစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၃

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၁၀ ရက် ညနေ ၃ နာရီတွင် ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း) အမှတ်(၂)စက်မှုဝန်ကြီးဌာန တောင်ဒဂုံ စက်မှုနယ်မြေရှိ လျှပ်စစ်နှင့်အီလက်ထရောနစ် ပစ္စည်းထုတ်လုပ်မှု စက်ရုံ (ဒဂုံ)သို့ ရောက်ရှိရာ ရှေးဦးစွာ စက်ရုံအစည်းအဝေးခန်းမ၌ မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်းထုတ်လုပ်မှု လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက လျှပ်စစ်နှင့်အီလက်ထရွန်နစ် ပစ္စည်းထုတ်လုပ်မှု စက်ရုံ (ဒဂုံ)၏ ၂၀၀၅–၂၀၀၆ ခု ဘဏ္ဍာနှစ် ဩဂုတ်လအထိ ထုတ်လုပ်မှု အခြေအနေ လျာထားချက်အပေါ် အကောင် အထည်ဖော်နိုင်မှု အခြေအနေနှင့် ထုတ်ကုန်ပစ္စည်း တစ်ခုချင်းအလိုက် ထုတ်လုပ်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက ထုတ်လုပ်ပြီး ကုန်ပစ္စည်းများကို ဈေးကွက်သို့ အရောက်ဖြန့်ဖြူးရန်၊ အလုပ်ရုံများ၌ တပ်ဆင်ထားသော စက်ပစ္စည်းများကို အခြေခံ၍ ထုတ်ကုန်ပစ္စည်းအမယ်သစ်များ တိုးချဲ့ထုတ်လုပ်ရန် မှာကြားသည်။ ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် ဓာတ်ခဲအလုပ်ရုံ၊ ဘက်ထရီအိုး အလုပ်ရုံ၊ ဘို့/နပ် အလုပ်ရုံ၊ ဝါယာ နန်းဆွဲ အလုပ်ရုံတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းနှင့် အထွေထွေ မန်နေဂျာ ဒေါ်လှဲ့လှဲ့ဝင်းတို့က ရှင်းလင်း တင်ပြကြသည်။ ယင်းနောက် ဝန်ကြီးက ပလတ်စတစ် ဘက်ထရီအိုးများ စံချိန်စံညွှန်း ကောင်းမွန်ရေး၊ ဘက်ထရီအိုး အရွယ်အစားအသစ်များ စမ်းသပ်ထုတ်လုပ်ရေး၊ ပြင်ပမှအပ်နှံသော ကုန်ပစ္စည်းများကို တီထွင်ကြံဆ၍ ထုတ်လုပ်ပေးရေး၊ လျှပ်စစ်ဓာတ်အားကို လိုအပ်သရွေ့သာ အသုံးပြုရေးတို့ကို မှာကြားသည်။ (သတင်းစဉ်)

ဝန်ကြီးဗိုလ်ချုပ်စိန်ထွား လူမှုဝန်ထမ်းလုပ်ငန်းများစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၃

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားသည် အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်း လိုက်ပါလျက် စက်တင်ဘာ ၁၂ရက် နံနက် ၈နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်းသို့ရောက်ရှိရာ ဝန်ကြီးနှင့်အဖွဲ့အား လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးအောင်ထွန်းခိုင်၊ ညွှန်ကြားရေးမှူးများ၊ ကျောင်းအုပ်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ ကျောင်းဧည့်ခန်းမတွင် ဒုတိယညွှန်ကြားရေးမှူး ဦးစိန်ဝင်းနှင့် ကျောင်းအုပ် ဦးမောင်မောင်တာတို့က လူငယ်သင်တန်းကျောင်း၌ လက်ခံစောင့်ရှောက်ထားသော ကလေးသူငယ်များအားကျွေးမွေးစောင့်ရှောက်မှု၊ ပညာသင်ကြားမှု၊ ကျန်းမာရေးစောင့်ရှောက်ပေးနေမှုနှင့် ပြန်လည်နေရာချထားမှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက လူမှုဝန်ထမ်းလုပ်ငန်းသည် အလွန်နူးညံ့သိမ်မွေ့ပြီး ခက်ခဲနက်နဲသောလုပ်ငန်းဖြစ်၍ စေတနာ၊ ဝါသနာ၊ အနစ်နာ၊ အကြင်နာ၊ ကရုဏာများထားရှိပြီး လုပ်ဆောင်ကြရန်နှင့် ကလေးသူငယ်များအား ကာယ၊ ဉာဏ၊ စာရိတ္တ၊ စိတ်ဓာတ် ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ပြုစုပျိုးထောင် စောင့်ရှောက်ပေးကြရန်၊ ကျန်းမာရေး အထူးဂရုစိုက်စောင့်ရှောက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ကမာရွတ်မြို့နယ် သံလွင်လမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာနသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ရှေးဦးစွာ ကျောင်းဧည့်ခန်းမ၌ အုပ်ချုပ်ရေးမှူး ဒေါ်နော်သာပါးက အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာန၏ လုပ်ငန်းဆောင်တာကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။ ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ရက်ကန်းအလုပ်ရုံကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ကြည့်မြင်တိုင်မြို့နယ် ပန်းပင်ကြီးလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန ကြည့်မြင်တိုင်မျက်မမြင်ကျောင်းသို့ သွားရောက်၍ မျက်မမြင် သင်တန်းသားများအား မျက်မမြင်စာပေ သင်ကြားလေ့ကျင့်ပေးမှု၊ အနိုပ်ပညာသင်ကြားလေ့ကျင့်ပေးမှု၊ ကြိမ်ထိုးပညာသင်ကြားလေ့ကျင့်နေမှုနှင့် မျက်မမြင် ကွန်ပျူတာနှင့် Printer အသုံးပြုနေမှုများကို ကြည့်ရှုအားပေးသည်။ ယင်းနောက် ၂၀၀၄-၂၀၀၅ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို အောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူ လေးဦးအား သီးခြားတွေ့ဆုံ၍ အားပေးစကားပြောကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာနရှိ ရက်ကန်းအလုပ်ရုံကို ကြည့်ရှုစစ်ဆေးစဉ်။

(လူမှုဝန်ထမ်း)

မော်လမြိုင်မြို့ မဟာမြတ်မုနိဘုရားကြီး အရှေ့စောင်းတန်းပြုပြင်ရန်အတွက် ဩဂုတ် ၂၈ရက်က ကွယ်လွန်သူ ဒေါ်ဗီရာဏီအားရည်စူး၍ မော်လမြိုင်မြို့ မိန်းကလေးကျောင်းလမ်းနေ ဒေါက်တာထိန်ဝင်း-ဒေါ်ချိုချိုဝင်း မိသားစုတို့က ငွေကျပ် ၁၅သိန်း ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာစိုးဝင်းနှင့် အဖွဲ့ဝင်များလက်ခံယူစဉ်။ (၃၀၇)

မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင် မိုးပိုလာမည်

ရန်ကုန် စက်တင်ဘာ ၁၃

လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ယမန်နေ့က ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းသည် ညပိုင်းတွင် မုန်တိုင်းငယ်တစ်ခုအဖြစ်သို့ ရောက်ရှိခဲ့ပြီး အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်ခဲ့သည်။ ယနေ့နံနက် မြန်မာစံတော်ချိန် ၀၆း၃၀ အချိန် တိုင်းထွာချက်များအရ အဆိုပါမုန်တိုင်းငယ်သည် အားပျော့ပျက်ပြယ်သွားပြီဖြစ်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအား အသင့်အတင့်မှ အားကောင်းနေသည်။

ထူးခြားသည့်အခြေအနေမှာ ယနေ့နံနက် မြန်မာစံတော်ချိန် ၀၆း၃၀ အချိန် တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းငယ်သည် ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့၏ အရှေ့တောင်ဘက် မိုင် ၂၆၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ အပူပိုင်းမုန်တိုင်းငယ်သည် အနောက်ဘက်သို့ တဖြည်းဖြည်းရွေ့လျားမည်ဟု ခန့်မှန်းရသည်။

စက်တင်ဘာ ၁၄ ရက်နေ့ ညနေထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင်၄၀ထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးပိုလာမည်။

မြန်မာလိဂ်ချန်ပီယံ ကမ္ဘောဇဘောလုံးအသင်း ဂုဏ်ပြုပွဲ တောင်ကြီးမြို့၌ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၃

၂၀၀၅-၂၀၀၆ခုနှစ် ဘောလုံးရာသီ မြန်မာလိဂ် အဆင့်မြင့်တန်း ကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲခဲ့သော ကမ္ဘောဇဘောလုံးအသင်းအား ဂုဏ်ပြုပွဲအခမ်းအနားကို စက်တင်ဘာ ၁၁ရက် ည ၇နာရီက ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ တောင်ကြီးဟိုတယ် မင်္ဂလာခန်းမ၌ ကျင်းပရာ ကမ္ဘောဇ ဘောလုံးအသင်း နာယက ဦးအောင်ကိုဝင်း(ဥက္ကဋ္ဌ၊ ကမ္ဘောဇဘဏ်လီမိတက်)၊ ဥက္ကဋ္ဌ ဦးဇော်ဝင်းနိုင်၊ အတွင်းရေးမှူး ဦးမောင်မောင်လောက်၊ အောင်ပွဲရ ဘောလုံးအသင်းမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ တေးသံရှင်များ တက်ရောက်ကြသည်။

မိတ်ဆက်

ဂုဏ်ပြုပွဲတွင် ရှေးဦးစွာ ကမ္ဘောဇဘောလုံးအသင်းဥက္ကဋ္ဌ ဦးဇော်ဝင်းနိုင်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ဆက်လက်၍ အတွင်းရေးမှူး ဦးမောင်မောင်လောက်က ကျေးဇူးတင်စကားပြောကြားပြီး အောင်ပွဲရ ဘောလုံးအသင်းမှ တိုက်စစ်မှူး ထွန်းမင်းဦးက ပြိုင်ပွဲအတွေ့အကြုံများ ရှင်းလင်းတင်ပြသည်။ ယင်းနောက် ကွင်းဖွင့်ချန်ပီယံ ကမ္ဘောဇဘောလုံးအသင်းမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများအား တစ်ဦးချင်းမိတ်ဆက်ပေးသည်။

ထို့နောက် အတွင်းရေးမှူး ဦးမောင်မောင်လောက်က ဆွတ်ခူးရရှိခဲ့သော ကွင်းဖွင့်ဖလားကြီးကို ဥက္ကဋ္ဌ ဦးဇော်ဝင်းနိုင်ထံ အပ်နှံသည်။ ဆက်လက်၍ ဥက္ကဋ္ဌ ဦးဇော်ဝင်းနိုင်က ရရှိသည့် ဆုကြေးငွေကျပ် သိန်း ၃၀ ကို လွှဲပြောင်းပေးအပ်ရာ အတွင်းရေးမှူး ဦးမောင်မောင်လောက်နှင့် အုပ်ချုပ်သူ ဦးကံလွင်တို့က လက်ခံရယူကြသည်။ ထို့နောက် ချန်ပီယံကမ္ဘောဇအသင်းအား နာယက ဦးအောင်ကိုဝင်းကိုယ်စား ဥက္ကဋ္ဌ ဦးဇော်ဝင်းနိုင်က ဂုဏ်ပြုဆုငွေ ကျပ်သိန်း ၁၀၀ ချီးမြှင့်ရာ အသင်းအတွင်းရေးမှူးနှင့် အုပ်ချုပ်သူနှင့် နည်းပြအဖွဲ့က လက်ခံရယူကြသည်။ ဆက်လက်၍ စီးပွားရေးလုပ်ငန်းရှင်များက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြရာ အားကစားသမားများက လက်ခံရယူကြသည်။

ထို့နောက် အောင်ပွဲရ ကမ္ဘောဇ ဘောလုံးအသင်းအား ဂုဏ်ပြုညစာစားပွဲဖြင့်တည်ခင်းဧည့်ခံပြီး တေးဂီတများဖြင့် ဖျော်ဖြေသည်။

(ကြေးမုံ)

ကွင်းဖွင့်ချန်ပီယံ ကမ္ဘောဇအသင်းအား ချီးမြှင့်သော ဂုဏ်ပြုဆုငွေကို ကမ္ဘောဇ ဘောလုံးအသင်းနာယက ဦးအောင်ကိုဝင်းကိုယ်စား ဥက္ကဋ္ဌ ဦးဇော်ဝင်းနိုင်က ပေးအပ်ချီးမြှင့်ရာ အသင်းအတွင်းရေးမှူး ဦးမောင်မောင်လောက်၊ အုပ်ချုပ်သူ ဦးကံလွင်တို့ လက်ခံရယူစဉ်။

(ကြေးမုံ)

တောင်ငူဆရာတော်တရားပွဲ

ရန်ကုန် စက်တင်ဘာ ၁၃

တောင်ငူ အေးရိပ်သာနှင့် ရန်ကုန်ပြည့်စုံအေးရိပ်သာ ဦးစီးနာယက နယ်လှည့်ဓမ္မကထိက ဆရာတော် ဘဒ္ဒန္တသုဇာတသည် ဝါတွင်းသုံးလ တရားပွဲများအဖြစ် တောင်ငူမဟာစည်အေးရိပ်သာ၌ တရားတော်များ တစ်လ ကြာဟောကြားခဲ့ပြီး ဩဂုတ် ၁၈ရက်မှ အောက်တိုဘာ ၁၇ရက် (သီတင်းကျွတ်လပြည့်နေ့အထိ) ရန်ကုန်ပြည့်စုံအေးမဟာစည်ရိပ်သာနှင့် တောင်ဥက္ကလာပ မာဃဓမ္မာရုံ၊ သဃ်န်းကျွန်း ကျိုက္ကစံဆံတော်ရှင် ဘုရားကြီးအာရုံခံတန်ဆောင်းတို့တွင် နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားတော်မူမည်ဖြစ်သည်။ (က-ပ)

စီးပွားရေးစွမ်းဆောင်ရှင် ဟောပြောပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၃

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းကကြီးမှူး၍ Milionaire Enterpreneru ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို စက်တင်ဘာ ၂၄ရက်နှင့် ၂၅ရက်တို့တွင် ရန်ကုန်မြို့ လှိုင်မြို့နယ် MICT Park ရှိ အခန်းအမှတ် (၂၀၅)၌ နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ကျင်းပမည်ဖြစ်ရာ Ms. A.S. Malar (Ph.D)နှင့် Dr. Muruga (Principle Consultant) တို့က ဟောပြောပို့ချကြမည်ဖြစ်သည်။ ဟောပြောပွဲသို့ တက်ရောက်လိုသူများသည် စက်တင်ဘာ ၂၁ရက် နောက်ဆုံးထား၍ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များ အသင်း အမှတ်(၂၈၈/၂၉၀)ရွှေတိဂုံ ဘုရားလမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၅၄၄၀၀နှင့် ဒေါ်သီဂီဝင်း ဖုန်း-၀၉၉၉ ၂၃၆၆၆တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်သည်။

(သတင်းစဉ်)

ထူးကဲဒီရေတက်ဖွယ်ရှိ

ရန်ကုန် စက်တင်ဘာ ၁၃

၂၀၀၅ခုနှစ် စက်တင်ဘာ ၁၇ရက်မှ ၂၂ရက်အထိ ကာလအတွင်း ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ဒသမ ၇၃ပေခန့်မှ ၂၁ ဒသမ ၃၅ပေခန့်အထိ ထူးကဲဒီရေတက်ဖွယ်ရှိကြောင်း ကမ်းနားဒေသအတွင်း နေထိုင်ကြသော အများပြည်သူများအား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သတိပေးအကြောင်းကြား နှိုးဆော်ထားသည်။ (သတင်းစဉ်)

အင်းမအထက မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ် ၂၈ရက်က ကျင်းပရာ အင်းမအသင်း(ရန်ကုန်) နာယက ဦးတင်ရှိန်-ဒေါ်ခင်ဝင်း မိသားစုက အင်းမအထက နှစ်ထပ်ကျောင်းဆောင် ဆောက်လုပ်ရေးအတွက် အလှူငွေကျပ် ငါးသိန်းကို ကျောင်းအုပ်ဆရာကြီးထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၁၃-၉-၂၀၀၅)

စစ်တွေ
၃ ဒသမ ၁၁ လက်မ
မြိတ်
၂ ဒသမ ၇၂ လက်မ
မြင်းမူ
၂ ဒသမ ၁၇ လက်မ
လှိုင်ကော်
၂ ဒသမ ၁၃ လက်မ
မော်လိုက်
၂ ဒသမ ၀၉ လက်မ
ပျဉ်းမနား
၁ ဒသမ ၈၉ လက်မ
ကိုကိုးကျွန်း
၁ ဒသမ ၆၆ လက်မ
ချောက်
၀ ဒသမ ၆၇ လက်မ

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုကို ခံယူပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေး အရှိန်အဟုန်မြှင့်ကြိုးပမ်း ကချင်ပြည်နယ်သည် ရော်ဘာစိုက်ပျိုးနိုင်ရန် အခြေခံကောင်းများရှိပြီး စိုက်ပျိုးခဲ့သည့် အစဉ်အလာလည်းရှိ သဘာဝတွင်းထွက် သယံဇာတများကို အားကိုးမနေကြဘဲ ရော်ဘာကို ကောသိန်းချိ၍ စီးပွားဖြစ် စိုက်ပျိုး တစ်နှစ်ပတ်လုံးနီးပါး ဝင်ငွေရရှိမည့်အပြင် ဒေသခံပြည်သူများအတွက် အလုပ်အကိုင်များ ဖြစ်ထွန်းလာမည်

ရန်ကုန် စက်တင်ဘာ ၁၃

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါ၍ စက်တင်ဘာ ၁၁ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ မြန်မာ့လေကြောင်းဖြင့်ထွက်ခွာလာကြရာ နံနက် ၉နာရီတွင် ကချင်ပြည်နယ် မြစ်ကြီးနားလေဆိပ်သို့ ရောက်ရှိကြပြီး ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်စံထွန်း၊ မြစ်ကြီးနား လေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇော်ထွန်းနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။ စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး ရဲမြင့် မြစ်ကြီးနားမြို့နယ် နောင်နန်းကျေးရွာရှိ သုတေသနနှင့်ရော်ဘာစိုက်ပျိုးခြံတွင် ရော်ဘာစိုက်ပျိုးသူ တောင်သူများအား တွေ့ဆုံမှာကြားစဉ်။
(သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ဆရာဖြစ်သင်တန်းဖွင့်

ရန်ကုန် စက်တင်ဘာ ၁၃

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ပြည်သူလူထုအတွင်း ပညာပေးခြင်းနှင့် အမူအကျင့် ပြောင်းလဲစေရန် ဆက်သွယ်ဆောင်ရွက်ခြင်း ဗဟိုအဆင့်ဆရာဖြစ်သင်တန်းအမှတ်စဉ် (၂/၂၀၀၅)ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းနှင့် သံသုမာလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့်အဖွဲ့ဝင်များ၊ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်နှင့် တာဝန်ရှိသူများ၊ ကုလသမဂ္ဂ လူဦးရေ ရန်ပုံငွေအဖွဲ့ဌာနေကိုယ်စားလှယ်နှင့်တာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် အသင်းဝင်များ၊ သင်တန်းဆရာများနှင့် သင်တန်းသား၊ သင်တန်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ ရှေးဦးစွာ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက သင်တန်းဖွင့်အမှာစကား ပြောကြားသည်။ စာမျက်နှာ ၇ ကော်လံ ၁ သို့ ●

ရန်ကုန်အဝေးသင်တက္ကသိုလ် ပထမအသုတ်စာစစ်ဌာနများ အစီအစဉ်ကြေညာ

ရန်ကုန် စက်တင်ဘာ ၁၃

ရန်ကုန်အဝေးသင်တက္ကသိုလ်၏ ၂၀၀၅ ပညာသင်နှစ် ပထမအသုတ် အတန်းတင်စာမေးပွဲများကို အောက်တိုဘာ ၃ရက်မှ ၁၀ရက်အထိ ဒဂုံတက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ မော်လမြိုင်တက္ကသိုလ်၊ ပုသိမ်တက္ကသိုလ်၊ စစ်တွေတက္ကသိုလ်၊ ပြည်တက္ကသိုလ်၊ ထားဝယ်တက္ကသိုလ်၊ တောင်ငူတက္ကသိုလ်၊ ဟင်္သာတတက္ကသိုလ်၊ ဘားအံတက္ကသိုလ်၊ မြိတ်တက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ မအူပင်တက္ကသိုလ်နှင့် ပဲခူးဒီဂရီကောလိပ် အဝေးသင်ဌာနခွဲ စာစစ်ဌာနများ၌ ကျင်းပမည်ဖြစ်သည်။ စာမျက်နှာ ၇ ကော်လံ ၄ သို့ ❒

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

(14-9)internet.P65 14 1/1/32, 2:43 PM